FaithLife Ministries

"Equipping Church Leaders Globally"

# အသင်းတော်ခေါင်းဆောင်များအတွက်
# တပည့်တော်ဖြစ်ခြင်း

အသင်းတော်ခေါင်းဆောင်များအထောက်အကူပြု "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေပါ"
မဿဲ၊ ၂၈:၁၉



© 2015
FaithLife Ministries, Inc.

www.faithlifeministries.net
(770) 492-4903
Email: BarryVoss@comcast.net

# နိဒါန်း

ယခုသင်ထောက်ကူပြု သင်ခန်းစာသည် ဒေသန္တရအသင်းတော်တွင်းရှိ အသင်းတော်အသီးသီးတွင် တပည့်တော်များမွေးထုတ်ရာ၌ အစေခံလျက်ရှိကြသော သာသနာ့ခေါင်းဆောင်များနှင့် သင်းအုပ်ဆရာများအဖို့ အထောက်အကူဖြစ်စေခြင်းငှါပြုစုရခြင်းဖြစ်သည်။ တပည့်တော်ဖြစ်ခြင်းနှင့်စပ်ဆိုင်သောစာအုပ်စာပေ၊ သင် ထောက်ကူများစွာရှိသော်လည်း အသက်အရွယ်အလိုက် ပြဋ္ဌာန်းထားသောစာအုပ်များနှင့်အတူ လက်တွေ့အကောင်အထည်ဖေါ်ဆောင်ရန် အလေးဂရုပြုမှုတို့ နည်းပါးလှသည်။ ထိုမျှမက ထိုသို့သောသင်ခန်းစာတို့မှာ အမေရိကန်၌လွန်စွာပေါလှသော်လည်း ဖွံ့ဖြိုးမှုနည်းပါးလှသော ကမ္ဘာအရပ်ရပ်တို့တွင် လုံလောက်စွာမရှိသေးပါ။

**FaithLife Ministries** အနေဖြင့် ၁၉၉၆ ခုနှစ်မှစတင်ပြီး သာသနာနှင့် အသင်းတော်များစွာတို့တွင် သင်ကြားပို့ချခြင်းများပြုလုပ်လျက်ရှိခဲ့ကြသည်။ ထို့ကြောင့် နှစ်ပေါင်းများစွာ သိုးထိန်းကောင်းများ မရှိသောနိုင်ငံအနှံ၊ အသင်းတော်များစွာတို့တွင် သင်ကြားပြုစု၊ အစေခံနေရင်းမှပင်လျှင် ယခုသင်ခန်းစာကို အကောင်အထည် ဖေါ်ဆောင်ခဲ့နိုင်ခြင်းလည်းဖြစ်သည်။ ထိုနည်းတူ ထိုသို့သောသင်ခန်းစာနည်းပါးမှုနှင့်အတူ လုံလောက်စွာသင်ကြားပေးခြင်းတို့လည်း မျက်မှောက်ခေတ်တွင်နည်းပါးလှသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုနည်းပါးသော သာသနာများတွင် သင်းအုပ်ဆရာနှင့် အသင်းတော်ခေါင်းဆောင်များအတွက် တပည့်တော်ဖြစ်ခြင်း ပြုစုပျိုးထောင်ရာတွင် အထောက်အကူဖြစ်စေရန် ထိုကွက်လပ်ကိုဖြည့်ဆည်းနိုင်ခွင့်ရရှိခဲ့ကြခြင်းဖြစ်သည်။

တပည့်တော်ဖြစ်ခြင်းနှင့်အစပ်ဆိုင်သောအခြေခံအကြောင်းတရားများကို သိရှိနားလည်ပြီး ကူညီထောက်မမှုများပြုနိုင်ရန်ပြုစုထားခြင်းဖြစ်သည်။ အထူးသဖြင့်တပည့်တော်ဖြစ်ခြင်းအုတ်မြစ်နှင့်အတူ နှုတ်ကပတ်တော်နှင့်အညီမည်သို့အသက်တာတွင်ကျင့်သုံးနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်လမ်းပြပို့ဆောင်သည့်အတိုင်းအသုံးပြုရန် တိုက်တွန်းအားပေးနှိုးဆော်လိုပါသည်။

**© 2015 by FaithLife Ministries, Inc.**

**မူပိုင်ခွင့်။** သင်ခန်းစာ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ကူးယူခြင်း၊ ဖြတ်တောက်၍ အသုံးပြုခြင်း၊ ပုံနှိပ်ခြင်း၊ အိုင်တီနည်းပညာဖြင့်အသံသွင်းခြင်း၊ လိုင်းပေါ်တင်ခြင်း၊ ပြန်လည်မျှဝေခြင်းစသောအရာများကို စာရေးသူ၏ ခွင့်ပြုချက်မရယူပဲ လုပ်ဆောင်ခွင့်မပြုပါ။ သို့သော်ဒေသတွင်းအသင်းတော်များ၌ (ဓမ္မဒါနပြုခြင်း) သာသနာ အတွက် သွန်သင်ခြင်း၊ ဟောပြောခြင်း၊ အသုံးပြုခြင်းများကိုပြုလုပ် ဆောင်ရွက်နိုင်ပါသည်။

# **FaithLife Ministries**

ကမ္ဘာအနှံ့ရှိအသင်းတော်ခေါင်းဆောင်များနှင့် သာသနာ့ဦးသျှောင်များကို အထောက်အကူပြုလျက် ပံ့ပိုးနိုင်အံ့သောငှါ Barry Voss နှင့် Kim Star-Voss တို့က ၂၀၀၁ ခုနှင့် ဇန်နဝါရီတွင် FaithLife Ministries ကို စတင်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် ဘုရားသခင့်လူများကို သွန်သင်ခြင်း၊ မွမ်းမံမှုပြုခြင်း၊ ပံ့ပိုးခြင်းများ ပြုရန် စိတ်အားထက်သန်သူများဖြစ်သည်သာမက တတ်စွမ်းသမျှ ဥစ္စာငွေကြေးအားဖြင့်လည်းကောင်း တတ်စွမ်းသမျှဆက်ကပ်ရန် ဘုရားသခင့် ခေါ်ခြင်းကိုခံထားကြသူများ ဖြစ်သည်။ တိုင်းနိုင်ငံများစွာရှိ သင်းအုပ်ဆရာ၊ ကလေးသာသနာ၊ လူငယ်နှင့် အသင်းတော်ခေါင်းဆောင်မှုဆိုင်ရာစီမံခန့်ခွဲခြင်းအကြောင်း နှစ်ပေါင်းများစွာ သွန်သင်၊ ပို့ချ၊ ဟောပြောခြင်း၊ မွမ်းမံမှုများပြုခြင်းဖြင့် အစေခံလျက်ရှိကြသည်။ ထိုမျှမက အလုပ်ရုံဆွေး နွေးခြင်း၊ ဟောပြောပွဲများပြုခြင်း သာမကသင်ထောက်ကူများကို ဖန်တီးပြုစုခြင်း၊ ကိုယ်တိုင်ကျင့်သုံး ခြင်းတို့နှင့်အတူ အခြားသူများကိုလည်း ယုံကြည်ခြင်းဖြင့်ရှင်သန်နေထိုင်ရန် အမြဲမပြတ် အားပေးလျက်ရှိကြ သည်။

Kim သည်ယခင်က Alpharetta ရှိ Christ The Shepherd Church ၏ ကလေးသူငယ်များ ဆိုင်ရာ တပည့်တော်ဖြစ်သာသနာမှ အမှုဆောင်တစ်ဦးလည်းဖြစ်သည်။ ထိုသာသနာတွင် ကလေးသူငယ်ပေါင်း ၅၀၀ ကျော်ကိုဦးဆောင်အစေခံခဲ့သည်သာမက ၁၅ နှစ်ကျော်မျှကော်ပိုရေးရှင်းများတွင် ကွန်ပြူတာနှင့် ပရောဂျက် ဆိုင်ရာစီမံခန့်ခွဲသူအဖြစ်လည်းဦးစီးခဲ့သူဖြစ်သည်။ Barry ကိုယ်တိုင်မှာ အချိန်ပြည့်အမှုတော် ဆက်ကပ်လျက် ရှိသူဖြစ်သည်သာမက စီးပွားရေးစီမံခန့်ခွဲမှုတွင် နှစ်ပေါင်း ၂၀ ကျော်မျှလုပ်ဆောင်မှုပြုခဲ့သူလည်းဖြစ်သည်။ ထို့အတူ အမျိုးသားမိသဟာယဆိုင်ရာဝတ်ပြုရာ၌လည်း ကိုးကွယ်ခြင်းကို ဦးဆောင်ဦးရွက်ပြုလျက်အစေခံနေ သူတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးအိမ်ထောင်သက် ၃၅ နှစ်ရှိပြီး အရွယ်ရောက် သားသမီး ၂ ဦးကိုလည်း ကောင်းကြီးအဖြစ် ပိုင်ဆိုင်ထားကြရသလို၊ မြေးသုံးဦးကိုလည်း ပိုင်ဆိုင်ခံစားကြရသူများ ဖြစ်သည်။

# **ဥပယောဇဉ်**

ယခုသင်ခန်းစာဖြစ်မြောက်လာစေဖို့ရန် ရူပါရုံချပေးပြီး လက်တွေ့ဖေါ်ဆောင်နိုင်စေခြင်းငှါ မဟာ အခွင့်အရေးကို ပေးသနားတော်မူသောဘုရားရှင်ကို ဦးစွာကျေးဇူးတင်ပါသည်။ ထို့အတူ သင်ခန်းစာအထ မြောက်လာစေရန် လိုအပ်သောစာရွက်စာတမ်းနှင့် အကြံဉာဏ်များကို အသုံးပြုခွင့်ပေးခြင်း၊ ပံ့ပိုးပေးခြင်း များတို့အတွက် Deb Moore, Carol Goodwin,  Mike တို့ကိုလည်းကျေးဇူးဥပကာရတင်ရှိပါသည်။

### အသင်းတော်ခေါင်းများအတွက်

# တပည့်တော်ဖြစ်ခြင်းသင်ခန်းစာ

__မာတိကာ__


| | |
|---|---|
| __**အပိုင်း ၁**__ | **တပည့်တော်ဖြစ်ခြင်းဆိုင်ရာအုတ်မြစ်များ** |
| အခန်း ၁ | ဝိညာဉ်ရေးထပ်ဆင့်မွေးထုတ်ခြင်း |
| အခန်း ၂ | နာခံမှုရှိခြင်း |
| အခန်း ၃ | နှိမ့်ချမှုရှိခြင်း |
| အခန်း ၄ | ဘဏ္ဍာစိုးကောင်းဖြစ်ခြင်း |
| __**အပိုင်း ၂**__ | **တပည့်တော်ဖြစ်ခြင်းဆိုင်ရာနိယာမများ** |
| အခန်း ၅ | ကလေးများ တပည့်တော်ဖြစ်စေခြင်း |
| အခန်း ၆ | လူငယ်များ တပည့်တော်ဖြစ်စေခြင်း |
| အခန်း ၇ | အမျိုးသားများ တပည့်တော်ဖြစ်စေခြင်း |
| အခန်း ၈ | အမျိုးသမီးများ တပည့်တော်ဖြစ်စေခြင်း |
| __**အပိုင်း ၃**__ | **အသင်းတော်တွင်း တပည့်တော်ဖြစ်စေခြင်း** |
| အခန်း ၉ | တပည့်တော်ဖြစ်ခြင်းအစီအစဉ် |
| အခန်း ၁၀ | တပည့်တော်ဖြစ်စေခြင်း အဖွဲ့ငယ်များ |
| အခန်း ၁၁ | ဆင့်ကမ်းပြုစုမှုလုပ်ဆောင်ခြင်း |
| အခန်း ၁၂ | ဝိညာဉ်ရေးဆာငတ်မှုကို ပြည့်ဝစုံလင်စေခြင်း |

# အပိုင်း - ၁

## <u>တပည့်တော်ဖြစ်ခြင်းဆိုင်ရာ အုတ်မြစ်များ</u>



# အခန်း ၁

# ဝိညာဉ်ရေးထပ်ဆင့်မွေးထုတ်ခြင်း

**“သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊**
**ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့”**
**(မ၊ ၂၈း၁၉)**

မ၊ ၂၈း၁၉ တွင် ခရစ်တော်ဘုရားက နောက်လိုက်တပည့်တော်များအား “သင်တို့သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေပါ” ဟူ၍မိန့်တော်မူခဲ့သည်။ ၎င်းမှာ မဟာစေစားချက်ဖြစ်သလို၊ အသင်းတော်အတွက် သွေးကြောအရင်းအမြစ်လည်းဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားအသင်းတော်သို့လူများစွာ လာရောက် စေရန် သက်သက်ဖိတ်ခေါ် ပြီး အသင်းသားတိုးပွားလာစေရန်လုပ်ဆောင်ဖို့ မိန့်ဆိုထားခြင်းမဟုတ်ပါ။ ထိုထက်ပိုပါသည်။ မိမိအသက်တာကိုပြုပြင်ဆက်ကပ်ရင်း လူသားများအားအကျွတ်တရားနှင့်မိတ်ဆက်၍ ကယ်တင်ရှင်ထံ အရောက်ပို့ဆောင်ပေးလျက် တင်လှူပူဇော်ရန်မိန့်ဆိုထားခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အဖို့ အသင်းသား တိုင်းနှင့် အသင်းတော်သို့လာရောက်သူတစ်ဦးချင်းထံသို့စေ့စေ့စွာ သွားရောက်၍ အချိန်ပေးရန်မှာလည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ကိုယ်ပွားများစွာလိုအပ်ပါသည်။ သို့ဖြစ်၍ အခြားသောတပည့်တော်များ ကိုထပ်ဆင့်၍ မွေးထုတ်ပေး နိုင်သောသူများကို တပည့်တော်အဖြစ်သို့ ပြုစုပျိုးထောင်ပေး၍ အသင်းတော်အစိတ်အပိုင်းများအားလုံး အတူ ကြီးထွားလာစေရန်လိုအပ်သည်။ ရှင်ပေါလုကိုယ်တိုင် တိမောသေကို ထိုအတိုင်းဆိုခဲ့သည်။ “သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသော အရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်း နိုင်သောသူတို့၌ အပ်ပေးလော့” (၂ တိ၊ ၂း၂)။ ဝိညာဉ်ရေးထပ်ဆင့် မွေးထုတ်ခြင်းဟူသည် တပည့်တော် ဖြစ်စေ ခြင်းကိုဆိုလိုပါသည်။ ခရစ်တော်၏သွန်သင်မှုနှင့် နှုတ်ကပတ်တော် စကားများကို ကျွန်ုပ်တို့ယုံကြည်ခြင်းကို ဆင့်ကမ်း ခြင်းမပြုခဲ့ပါလျှင် မျိုးဆက်တစ်ခုပြီးလျှင် ခရစ်ယာန်ယုံကြည်သူ ဟူသည်ပြတ်တောက် သွားပါလိမ့်မည်။ ကျွန်ုပ်တို့ ယုံကြည်မှုကို မိမိတစ်ဦးတည်းအတွက်သာလျှင် အသုံးပြုရှင်သန် ကြရန်မဟုတ်။ မျှဝေမှုကိုပြုကြရန် လိုအပ်ကြောင်း ပြသနေခြင်းဖြစ်သည်။

## က။ ယုံကြည်သူတိုင်း၏ပန်းတိုင်မှာ <u>တပည့်တော်မွေးထုတ်ခြင်းဖြစ်သည်။</u>

**၁။ ခရစ်တော်၏ မဟာစေခိုင်းချက်ကို နာခံခြင်း (မ၊ ၂၈း၁၉-၂၀)။**

(က) ကယ်တင်ခြင်းသတင်းတရားကို ဟောပြောမျှဝေရန်။

(ခ) နောက်တော်လိုက်များ စကားတော်ကို နာယူကျင့်သုံးတတ်စေရန် သွန်သင်ခြင်း။

**၂။ အသင်းတော်ကြီးထွားရန်။**

(က) မျိုးဆက်သစ်များ ခရစ်တော်ကိုသိရှိလာစေရန်ဟောပြောခြင်း။

(ခ) လူမျိုးတကာခရစ်တော်ကိုသိရှိလာစေရန် သွန်သင်မှုပြုခြင်း။

“ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏” (တမန်၊ ၁:၈)။

**၃။ လောကကြီးကို အသွင်ပြောင်းလဲပေးရန်။**

(က) ခရစ်တော်အလင်းကိုပို့ဆောင်ခြင်း။

“ထိုနည်းတူ၊ သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါး ရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့” (မ၊ ၅:၁၆)။

(ခ) ခရစ်တော်၏ ခြေတော်နှင့် လက်တော်ဖြစ်လာစေခြင်း။

**၄။ ယုံကြည်ခြင်းမျိုးစေ့ကို နောက်မျိုးဆက်သို့ဆင့်ကမ်းခြင်း။**

**၅။ တပည့်တော်များမှသာလျှင် အခြားသူများအား တပည့်တော်ဖြစ်စေနိုင်ခြင်း။**

## ခ။ ဝိညာဉ်ရေးဆိုင်ရာ ဦး<u>စားပေး</u>မွေးထုတ်ခြင်းများ။

**၁။ မိသားစုကိုတပည့်တော်ဖြစ်စေခြင်းက ပထမ။**

“မိမိအိမ်ကိုမအုပ်စိုးတတ်လျှင်၊ ဘုရားသခင်၏ အသင်းတော်ကို အဘယ်သို့ပြုစုလိမ့် မည်နည်း” (၁ တိ၊ ၃:၅)။

**၂။ အသင်းသားများကို တပည့်တော်ဖြစ်စေခြင်းက ဒုတိယ။**

(က) တပည့်တော်မွေးထုတ်မည့် ခေါင်းဆောင်များမွေးထုတ်ခြင်း။

(ခ) တိုးပွားလာခြင်းဖြင့် ဘုရားနိုင်ငံတော်ကျယ်ပြန့်စေခြင်း။

“ထိုကြောင့်ငါတို့သည် အခဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။” (ဂလာ၊ ၆:၁၀)။

**၃။ အခြားသူများကို တပည့်တော်ဖြစ်စေခြင်းက တတိယဖြစ်သည်။**

(က) မယုံကြည်သူများကို တပည့်တော်ဖြစ်စေခြင်း။

(ခ) လုပ်ဆောင်ဖက်များကို တပည့်တော်ဖြစ်စေခြင်း။

## ဂ။ ဝိညာဉ်ရေးမွေးထုတ်မှုသည် <u>အသင်းတော်ခေါင်းဆောင်များမှအစ</u>ပြုသည်။

“သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသော အရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူတို့၌ အပ်ပေးလော့” (၂ တိ၊ ၂:၂)။

**၁။ အသင်းတော်ခေါင်းဆောင်များ၏ ဦးစားပေးမှာ တပည့်တော်မွေးထုတ်ရန်ဖြစ်သည်။**

(က) အသင်းတော်အမှုကိုစေညွှန်၊ ခိုင်းစေရန်မျှသာမဟုတ်ရ။

(ခ) ဦးဆောင်သူတိုင်း (လူငယ်၊ အမျိုးသမီး၊ လူကြီးစသဖြင့်) ကျင့်သုံးရန်ဖြစ်သည်။

**၂။ နောက်လိုက်တို့၏ ယုံကြည်ခြင်းများကို ခေါင်းဆောင်တိုင်းက တာဝန်ယူရမည်။**

(က) အစည်းအဝေးတိုင်း၌ နှုတ်ကပတ်တော်ဖြင့်အစပြု ဦးထိပ်ထားရမည်။

(ခ) မည်သို့ဆိုလို၍ မည်သို့ကျင့်သုံးရမည်ကို သွန်သင်ခြင်း။

**၃။ ငယ်သားများအတွက် ခရစ်တော်နည်းအတိုင်း စံပြုထိုက်သူဖြစ်ရမည်။**

## ဃ။ တပည့်တော်ဖြစ်ခြင်း၌ ထိရောက်သော <u>သော့ချက် (၈) ချောင်း။</u>

အသင်းတော်ခေါင်းဆောင်များအနေဖြင့် တပည့်တော်မွေးထုတ်ရာတွင် အထောက်အကူဖြစ်စေမည့် သော့ချက် (၈) ချောင်းကို ဖေါ်ပြထားပါသည်။

**၁။ စိတ်ဆန္ဒ -** ခေါင်းဆောင်၌ တပည့်တော်မွေးထုတ်လိုသောစိတ်ဆန္ဒရှိရမည်။

"ခရစ်တော်သည်သင်တို့အထဲ၌ တည်လျက် ရှိတော်မူသည်တိုင်အောင် သင်တို့အတို့ သားဘွားခြင်း ဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့" (ဂလာ၊ ၄:၁၉)။

(က) ခရစ်တော်နည်းတူဖြစ်လာသည်ကို မြင်တွေ့လိုသောစိတ်ဆန္ဒနှင့်အတူ သူတို့အတွက် အချိန်၊ ခွန်အား ပေးလှူရန် အသင့်ရှိရမည်။

**၂။ အစီအစဉ် -** ခေါင်းဆောင်၌ တပည့်တော်ဖြစ်လာစေရန် စီမံကိန်းရှိရမည်။

"စေတနာရှိသောသူမူကား၊ စေတနာနှင့်ဆိုင်သော အကြံတို့ကိုကြံစည်တတ်၏။ စေတနာနှင့်ဆိုင်သော အရာအားဖြင့် တည်ရလိမ့်မည်" (ဟေရှာ၊ ၃၂:၈)။

(က) ပန်းတိုင်ထား၍ တွက်ချက်မှုပြုခြင်း။

(ခ) အငန်းအတာအတွက် ဆုံးဖြတ်မှုချမှတ်ခြင်း။

**၃။ သွန်သင်ခြင်း -** ခေါင်းဆောင်၌ နှုတ်ကပတ်တော် သွန်သင်နိုင်မှုပြုနိုင်ရမည်။

"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒ ပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏" (၂ တိ၊ ၃:၁၆-၁၇)။

(က) နှုတ်ကပတ်တော်ဆိုလိုရင်းကို မြင်တွေ့ကြစေရန် သွန်သင်၊ ပြသခြင်းပြုရမည်။

(ခ) အစည်းအဝေးနှင့် အငန်းတာတိုင်းတွင် နှုတ်ကပတ်တော်ဖြင့်အစပြုဦးဆောင်ပါ။

(ဂ) သာသနာအတွက် တော်လျော်သောနှုတ်ကပတ်တော်များပြုစုထားပါ။

**၄။ ပုံသက်သေရှိခြင်း -** ခေါင်းဆောင်၌ ခရစ်တော်ခြေတော်ရာအတိုင်း လိုက်လျှောက်နိုင်စွမ်းရှိရမည်။

"အသီးအသီးအုပ်သော အသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စု ရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့" (၁ ပေ၊ ၅:၃)။

(က) ခေါင်းဆောင်သည် ပုံသက်သေကောင်းရှိရမည်။

(ခ) ခေါင်းဆောင်သည် အခြားသူများအားအစေခံသူဖြစ်ရမည် (မ၊ ၂၀:၂၈)။

**၅။ ဦးဆောင်မှုပြုခြင်း -** အခြားသူများအား သွန်သင်လမ်းပြမှုပြုရမည်။

"နှုတ်ကပတ်တရားတော်ကို ပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" (၂ တိ၊ ၄:၂)။

(က) သွန်သင်မှုပြုနိုင်မည့်သူများကို ရွေးချယ်မှုပြုပါ။

(ခ) သွန်သင်မှုခံယူသူများနှင့် အချိန်ပေးပါ။

(ဂ) အစီအစဉ် (သို့) သင်ကြားမှုအတွက်ကြိုးစားဆောင်ရွက်ပါ။

**၆။ ပူးပေါင်းပါဝင်ခြင်း -** နောက်လိုက်များဖြင့်အတူ သာသနာ၌ ပူးပေါင်းမှုပြုရန် လမ်းစရှာဖွေပါ။

"ထိုနည်းတူ၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တပါးတည်းရှိသောကြောင့် အသေဖြစ်၏" (ယာ၊ ၂:၁၇)။

(က) ပူးပေါင်းမှုက ဘုရားသခင့်မျက်မှောက်တော်ကို သိရှိခံစားစေသည်။

(ခ) အစေခံခြင်းက ဘုရားသခင့်နှလုံးတော်နှင့်နီးကပ်စေသည်။

(ဂ) သာသနာ၌ပါဝင်ခြင်း အခြားသူ၏ယုံကြည်ခြင်းကို တိုးပွားသန်မာစေသည်။

**၇။ သက်သေခံခြင်း -** ကိုယ်တိုင်ခွန်အားပေးရန် မကြာမကြာသက်သေခံချက်များကို အသုံးပြုရမည်။

"စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကိုမေးမြန်းသောသူရှိသမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှါ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့" (၁ ပေ၊ ၃:၁၅)။

(က) ဘုရားသခင်မှသူ့အစေခံများဖြင့် မည်သို့အမှုပြုနေကြောင်းမျှဝေပါ။

(ခ) ရေးသား (သို့) မျှဝေခြင်းတို့ဖြင့် ဝတ်ပြုခြင်း (သို့) အစည်းအဝေးများတွင်အားပေးမှုပြုပါ။

**၈။ အဖွဲ့ငယ်များပြုခြင်း -** ခေါင်းဆောင်ကိုယ်တိုင် အသင်းအဖွဲ့ငယ်များ၌ ပါဝင်ကြရန်အားပေးမှုပြုပါ။

"လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်း တို့ကိုတိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့" (ဟေဗြဲ၊ ၁၀:၂၅)။

(က) သက်သေခံမျှဝေမှုများကို ခွင့်ပြုပေးပါ။

(ခ) အသင်းအဖွဲ့၌ အချင်းချင်းတာဝန်ခံယူမှုရှိရန် တည်ဆောက်မှုပြုပါ။

## ၎။ ဝိညာဉ်ရေး မွေးထုတ်ခြင်းမှာ <u>မဟာဆုလာဒ်ကြီးဖြစ်သည်။</u>

"သူတို့အား မိန့်တော်မူသည်ကား၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည်နည်းကြ၏။ ထို ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စပါးရှင် စေလွှတ်တော်မူမည်အကြောင်း ဆုတောင်း ကြလော့" (လု၊ ၁၀:၂)။

### ၁။ အမှန် ကောင်းကြီးပေးခြင်းခံစားရမည်။

(က) ရိတ်သိမ်းမှုအတွက် ဆက်ကပ်သူများစွာကိုမြင်တွေ့ရမည်။

(ခ) အခြားသူများဖြင့် သာသနာ့အမှုပြီးမြောက်ခြင်းများမြင်တွေ့ရမည်။

(ဂ) သာသနာ၌ လူများစွာပါဝင်လာသည်ကို မြင်တွေ့ရမည်။

(ဃ) သာသနာ၌ မိသားစုများ ခိုင်ခန့်လာသည်ကို မြင်တွေ့ရမည်။

(င) အခြားသူများကောင်းကြီးပေးရန် သင့်ကိုအသုံးပြုခြင်း ပိုမိုမြင်တွေ့ခံစားရမည်။

### ၂။ သင်ပျိုးထောင်ခဲ့သော တပည့်တော်များကိုယ်တိုင် ကောင်းကြီးခံစားကြရမည်။

(က) တစ်ဦးချင်းဝိညာဉ်ရေးကြီးထွားလာခြင်း။

(ခ) ဘုရားနှင့်အတူအလေးအနက်ထားလျှောက်လှမ်းလာကြခြင်းများ။

(ဂ) အခြားသူများအား အစေခံမှုပြုကြခြင်း။

(ဃ) သူတို့ဆုကျေးဇူးများအား ဘုရားနှင့် အသင်းတော်အတွက်ဆက်ကပ်ကြခြင်း။

(င) သူတို့အားအသုံးပြု၍ အခြားသူများအား ဘုရားကောင်းကြီးပေးနေခြင်းတို့ဖြစ်သည်။

# ဝိညာဉ်ရေးထပ်ဆင့်မွေးထုတ်ခြင်း လေ့ကျင့်ခန်း

၁။ မိသားစုဝင်များတပည့်တော်ဖြစ်လာဖို့ သင်ပြနိုင်သောအရာများကဘာလဲ။

၁)

၂)

၃)

၄)

၅)

၂။ သင့်သာသနာ၌ အလားအလာခေါင်းဆောင်များဖြစ်လာရန် သင်ပြုစုနိုင်သူများက ဘယ်သူများလဲ

၁)

၂)

၃)

၄)

၅)

၃။ သူတို့အား တပည့်တော်ဖြစ်စေရန် သင်ကြားမှု (သို့) တပ်ဆင်ပေးနိုင်မည့်အရာများက ဘာတွေလဲ

၁)

၂)

၃)

၄)

၅)

၄။ သာနာ၌ အခြားသူများတပည့်တော်များဖြစ်လာစေရန် သင်ပြနိုင်စွမ်းသောအရာများက ဘာတွေလဲ

၁)

၂)

၃)

၄)

၅)

# အခန်း ၂

## နာခံမှုရှိခြင်း

**"ကိုယ်တော်က၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နာ၍ကျင့်စောင့်သောသူသည်
မြတ်စွာသော မင်္ဂလာရှိသည်ဟု မိန့်တော်မူ၏"
(လု၊ ၁၁:၂၈)။**

၁၉၇၆ ခုနှစ်၊ ဇူလိုင်လတွင် အစ္စရေးကွန်မန်ဒိုများသည် Uganda နိုင်ငံ Entebbe တွင်ရဲရင့်စွာသော စိန်ခေါ်မှုတစ်ရပ်ကိုဆောင်ရွက်ခဲ့ကြသဖြင့် ၁၀၃ ဦးသောဖမ်းဆီးခံ ဂျူးများကို ကယ်တင်နိုင်ခဲ့သည်။ ၁၅ မိနစ်ခန့် ထက်မပိုသောအချိန်လေးတွင် ပြန်ပေးဆွဲသူ ခုနစ်ဦးကိုသုတ်သင်နိုင်ခဲ့ပြီး၊ ဖမ်းဆီးခံထားရသူများကို လွတ်မြောက်စေခဲ့သည်။ အောင်မြင်ခဲ့သောထိုတိုက်ပွဲတွင် ဖမ်းဆီးခံဂျူးသုံးဦးတို့အသက်ဆုံးရှုံးခဲ့ရသည်။ ကွန်မန်ဒိုတပ်ဖွဲ့ဝင်တို့သည်သူတို့စခန်းသို့ ဝင်ရောက်ချိန်တွင် ဟေဗြဲဘာသာစကားဖြင့် "မြေပြင်မှာမှောက်ချပြီး၊ ဝပ်လျက်သွားပါ" ဟူ၍ အော်ဟစ်ပြောဆိုခဲ့သည်။ ဖမ်းဆီးခံဂျူးတို့က ဟေဗြဲဘာသာစကားကို နားလည်သဖြင့် ရှိသည့်နေရာမှာကြမ်းပြင် (သို့) မြေပြင်၌ဝပ်လျက် စကားအတိုင်းသွားခဲ့ကြချိန်၊ ဟေဗြဲဘာသာစကားကို နားမလည်သော ဖမ်းဆီးခံတစ်ဦးက ရပ်လျက်နေစဉ် အထူးတပ်သားများက ထိုရပ်နေသူတို့အား သေနတ်ဖြင့်အဆက်မပြတ်တိုက်ခိုက်ခဲ့ကြသည်။

ထို့အတူ အခြားဖမ်းဆီးခံလူနှစ်ဦးက တုန့်ဆိုင်းလျက်ရှိနေကြသည်။ အထူးသဖြင့်ဘာတွေဖြစ်နေသလဲဟူသောစူးစမ်းလိုစိတ်ဖြင့်ရှိနေချိန်တွင်အသက်ဆုံးရှုံးခဲ့ကြရသည်။ လူငယ်တစ်ဦးမှုကား ကွန်မင်ဒိုများဝင်လာချိန်၌ ရပ်လျက်ရှိနေသူမှာ ကြမ်းပြင်တွင်လဲလျောင်းနေခဲ့ပြီဖြစ်သော်လည်း ရန်သူဟူသောအမှတ်ဖြင့်အပစ်ခံခဲ့ရပါသည်။ ထို့ကြောင့် ကွန်မင်ဒိုများ၏ စကားကိုအလေးထားသော ဖမ်းဆီးခံများအားလုံး အသက်ဘေးမှ၍ ဖမ်းဆီးချုပ်နှောင်ခြင်းမကင်းလွတ်ခွင့်ရခဲ့ကြသည်။

ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အားလုံးအတွက်ဖြစ်သော်လည်း ခရစ်တော်ဘုရားအား အရှင်သခင်အဖြစ်လက်ခံခြင်း၊ နောင်တတရားဖြင့်တုန့်ပြန်ခြင်းစသောကမ်းလှမ်းမှုကို နာခံသူများဖြစ်ရန်လိုအပ်သည်။ ထိုသို့မဟုတ်ခဲ့ပါလျှင် အထက်ပါဖမ်းဆီးခံထားရသူများပါ ရန်သူများအတွက်ပြင်ဆင်ထားသောစီရင်မှုနှင့်အတူ ပျက်စီးဆုံးရှုံးမှုကိုမလွဲမသွေကြုံကြရပါလိမ့်မည်။

အကြောင်းမှာ ဘုရားရှင်သည် ကောင်းသောအရာများကိုအစဉ်ပေးလျက်ရှိပြီး (ယာ၊ ၁:၁၇)၊ ထိုဘုရားဖြင့်မှတစ်ပါး ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှလုပ်ဆောင်နိုင်ခြင်းမရှိသလို၊ ဘုရားသခင့်စိတ်တော်လည်းမထိတွေ့နိုင်ပါ (ယော၊ ၁၅:၅)။ ဘုရားရှင်အမှန်လိုလားတော်မူခြင်းက ကျွန်ုပ်တို့၏ နာခံခြင်းပင်ဖြစ်သည်။ ဓမ္မဟောင်းတစ်ခုလုံးကိုကြည့်လျှင် နာခံမှုမရှိသော လူမျိုးတော်များကြောင့် ဘုရားသခင်စိတ်တော်မထိတွေ့ခဲ့။ ယနေ့လည်း မိဘများမှ သားသမီးများ၏စကားနားထောင်မှုကို လိုလားသကဲ့သို့ ကျွန်ုပ်တို့ဘဝလုံခြုံကောင်းကြီးကြွယ်ဝစေရန် နာခံမှုကို ဘုရားသခင်အလိုတော်ရှိပါသည်။ စကားတော်ကိုနာခံခြင်း၊ သားတော်ကိုလက်ခံယုံကြည်ခြင်း၊ အလိုတော်ကိုခံယူခြင်းတို့ပြုသောအခါ ဘုရားသခင်လွန်စွာနှစ်သက်တော်မူပါသည်။ ဘုရားသခင့်အလိုတော်သည် ကျွန်ုပ်တို့ဘဝကို အကြပ်တွေ့စေရန်မည်သောအခါမှမရည်ရွယ် ကျွန်ုပ်တို့ဘဝကောင်းစားရေးသာဖြစ်သည်။ အထူးသဖြင့် သန္တိသုခစစ်ကိုခံစားရရှိစေရန်ဖြစ်သည်။ အကျိုးဆက်မှာ လု၊ ၁၁:၂၈ တွင် "**နှုတ်ကပတ် တရားတော်ကို နာ၍ကျင့်စောင့်**

**သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်**” ဆိုထားသလို “**ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့် ရှောက်ကြလော့**” ဟူ၍ ယော၊ ၁၄:၁၅ တွင်လည်းထို့အတူတွေ့မြင်နိုင်ပါသည်။

## က။ နိဒါန်း - ဘာကြောင့် မနာခံကြသနည်း။

**၁။ ငါသာသခင် ငါသာအရှင်ဖြစ်လိုခြင်း။**

(က) မိမိအလိုရွေးချယ်လိုခြင်း။

(ခ) မိမိဘဝကို မိမိစီမံလိုခြင်း။

(ဂ) မိမိကိုယ်သာကိုးကွယ်ရာဟု သွန်သင်ခံထားကြရခြင်း။

**၂။ တစ်ခါတစ်ရံတစ်စုံတစ်ဦးကို ပုံအပ်ရခြင်းမှာ ခက်ခဲနေတတ်ခြင်း။**

(က) အခြားသူသည် ကျွန်ုပ်တို့စိတ်၊ ဆန္ဒများကိုမသိကြ။

(ခ) အပ်နှံမှုဟူသည် အစွမ်းမဲ့သည်ဟုထင်မှတ်စရာဖြစ်ခြင်း။

(ဂ) အခြားသူ၏ဆိုးဖြတ်ချက်ဖြင့် ရလာဒ်ကိုမဖော်ဆောင်လိုခြင်း။

**၃။ အခွင့်အာဏာတော်ကို ပမာမခန့်ပြုခြင်း။**

(က) ဦးဆောင်သူ (သို့) အထက်လူကို မယုံကြည်ခြင်း။

- အစိုးရ
- အလုပ်အကိုင်
- အသင်းတော်

(ခ) ခေါင်းဆောင်များစွာသည် အခွင့်အာဏာကိုအလွဲသုံးလေ့ရှိကြသည်။

(ဂ) ခေါင်းဆောင်များကြောင့် အခက်ပို့တွေ့စေသည်ဟု ထင်မြင်ခြင်း။

## ခ။ မည်သူ့ကိုနာခံရမည်ဟု ဆိုထားသနည်း။

**၁။ ဘုရား။**

(က) ဘုရားသခင်အား အပ်နှင်းမှုပြုခြင်း။

“ထိုကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်” (ယာ၊ ၄:၇)။

(ခ) ဘုရားစကားကို နာယူ၍ ခံယူကျင့်သုံးခြင်း။

“ကိုယ်တော်က၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နာ၍ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်ဟု မိန့်တော်မူ။” (လု၊ ၁၁:၂၈)။

**၂။ ယေရှုခရစ်။**

(က) ခရစ်တော်ကိုချစ်လျှင် နာခံမှုပြုပါ။

“ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့” (ယော၊ ၁၄:၁၅)။

(ခ) နာခံမှုဟူသည် ယုံကြည်ခြင်းဖြင့် သန္ဓေတည်၍မွေးဖွားလာသည်။

“သခင်ယေရှုခရစ်နှင့်ငါတို့အဘတည်းဟူသော ဘုရားသခင်အထံတော်ကကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည်သင်တို့၌ရှိပါစေသော။ သခင်ယေရှုခရစ်၏ နာမတော်ကိုအမှီပြု၍ လူမျိုးအပေါင်းတို့သည်ယုံကြည်နားထောင်စေခြင်းငှါ။ ထိုသခင်ထံ၌ ကျေးဇူးတော်နှင့် တမန်တော်အရာကို ငါတို့သည် ခံရကြပြီ” (ရောမ၊ ၁:၇)။

**၃။ မိဘ။**

(က) မိဘစကားကို မှန်ကန်စွာခံယူခြင်း။

"သားသမီးတို့ သခင်ဘုရား၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ မိဘ စကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏" (ဧဖက်၊ ၆:၁)။

(ခ) မိဘစကားနာခံမှုကို ဘုရားရှင်နှစ်သက်မှုသည်။

"သားသမီးတို့ မိဘစကားကို အရာရာ၌ နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် သခင်ဘုရားနှစ်သက်တော်မူသော အမှုဖြစ်၏" (ကော၊ ၃:၂၀)။

**၄။ ခေါင်းဆောင်များ။**

(က) အလုပ်ပြီးမြောက်၍ ဝမ်းမြောက်စေခြင်း။

"သင်တို့ကို အုပ်သောသူတို့၏ စကားကို နားထောင်၍ နှိမ့်ချလျက်နေကြလော့၊ သူတို့သည် ကိုယ်တိုင် စစ်ကြောခြင်းကိုခံရသောသူကဲ့သို့ သင်တို့ စိတ်ဝိညာဉ်၏ အကျိုးအလိုငှါစောင့်နေကြကုန်၏။ သင်တို့ အကျိုးကို မဖြစ်စေတတ်သော ဝမ်းနည်းခြင်းမရှိ၊ ဝမ်းမြောက်ခြင်း ရှိ၍၊ သူတို့သည်စစ်ကြောခြင်းကို ခံရမည်အကြောင်း သတိပြုလျက်နေကြလော့" (ဟေဗြဲ၊ ၁၃:၁၇)။

(ခ) ရှေ့၌ဂုဏ်ရှိစွာ ရပ်တည်နိုင်ရန်။

"အစေခံကျွန်တို့ သခင်ဘုရားကို ကြောက်ရွံ့လျက်၊ သူတို့၏စိတ်ကို နှုးညွတ်စေသောသူကဲ့သို့ မျက်မှောက်၌သာ နားထောင်သည်မဟုတ်၊ စိတ်နှစ်ခွမရှိဘဲ၊ လောကီသခင်၏စကားကို အရာရာ၌ နားထောင် ကြလော့" (ကောလော၊ ၃:၂၂)။

**၅။ အစိုးတရအခွင့်ရှိသူများ။**

(က) ဘုရားသခင့်ခန့်အပ်ခြင်းခံထားရသူများ။

"အစိုးရသောမင်းအာဏာစက်၏ အုပ်စိုးခြင်းကိုလူတိုင်းဝန်ခံစေ။ အကြောင်းမူကား၊ဘုရားသခင်၏အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း" (ရောမ၊ ၁၃:၁)။

(ခ) ဘုရားအလိုတော်ဖေါ်ဆောင်ရန်။

"အစေခံကျွန်တို့၊ ခရစ်တော်၏စကားကိုနားထောင်သကဲ့သို့ ကြောက်ရွံ့တုန်လှုပ်လျက်၊ စိတ်နှစ် ခွမရှိဘဲ လောကီသခင်၏စကားကို နားထောင်ကြလော့။ လူတို့၏စိတ်ကိုနှုးညွတ်စေသောသူကဲ့သို့ မျက်မှောက်၌သာ နားထောင်သည်မဟုတ်၊ ခရစ်တော်၏ ကျွန်ကဲ့သို့ စေတနာစိတ်နှင့် ဘုရားသခင်၏အလိုတော်ကိုစောင့်၍၊ လူ၏ အစေကိုသာ ခံသကဲ့သို့မဟုတ်၊ သခင်ဘုရား၏ အစေကိုခံသကဲ့သို့ ကြည်ညိုသောသဘောနှင့်အစေကိုခံကြလော့" (ဧဖက်၊ ၆:၅-၇)။

## ဂ။ မည်သည့်အရာက မနာခံမှုဖန်တီးစေသနည်း။

**၁။ <u>သံသယ</u> - ခေါင်းဆောင်ကို မယုံကြည်မှု။**

(က) သူတို့စိတ်ထားကို ကျွန်ုပ်တို့မသေချာခြင်း။

(ခ) သူတို့အဆုံးအဖြတ်ကို သဘောမတူခြင်း။

**၂။ <u>ခေါင်းမာခြင်း</u> - သူတို့ထက်မိမိက ပိုသိ၊ ပိုတတ်ဟုထင်မြင်ခြင်း။**

(က) သူတို့ထက် မိမိ၌အဖြေမှန်ရှိနေသည်ဟု ယုံကြည်ခြင်း။

(ခ) သူတို့လုပ်ဆောင်မှုထက် မိမိပိုသိနေသည်ဟု ထင်မြင်ထားခြင်း။

**၃။ <u>တစ်ကိုယ်ကောင်းဆန်ခြင်း</u> - မိမိလမ်းစဉ်အတိုင်းဆောင်ရွက်လိုခြင်း။**

(က) အခြားသူလမ်းစဉ်ကို လက်မခံလိုခြင်း။

(ခ) ကျွန်ုပ်တို့လမ်းစဉ် (သို့) သာ၍ကောင်းသောလမ်းစဉ်။

**၄။ <u>မာန (သို့) မောက်မာခြင်း</u> - မိမိသာကြီးစိုး ချုပ်ကိုင်လိုခြင်း။**

(က) မိမိအနာဂါတ်ကို မိမိကိုယ်ပိုင်ပုံဖော်လိုခြင်း။
(ခ) မိမိတို့အခြေအနေကို သူတစ်ပါးညွှန်ကြားလာမှုကိုမလိုလားခြင်း။

# နာခံမှုအတွက် ကိုယ်တိုင်သုံးသပ်မှုပြုခြင်း

**၁။ ဘုရားသခင်ကို မည်သို့နာခံသနည်း**

| |
|---|
| လမ်းညွှန်ချက်များ = အောက်ဖော်ပြမှုများအတိုင်း မိမိနာခံမှုကို အမှတ်ပေးသုံးသပ်မှုပြုပါ။ |

**၀ = လုံး၀ ၁ = ကြုံတောင့်ကြုံခဲ ၂ = တစ်ခါတစ်ရံ ၃ = မကြာမကြာ ၄ = ပုံမှန် ၅ = အမြဲ**

| **အကြောင်းရင်း** | **ရမှတ်** |
|---|---|
| သံသယ - အပြည့်မယုံကြည်၍ | _____ |
| ခေါင်းမာ - သူတို့ထက် မိမိကပိုသိသည် | _____ |
| တစ်ကိုယ်ကောင်းဆန်၍ - မိမိလမ်းစဉ်အတိုင်းလိုလားသည် | _____ |
| မာန်မာန - ချုပ်ကိုင်လိုသည် | _____ |
| စိုးရိမ်မှု - အကျိုးဆက်ကိုကြောက်သည် | _____ |

**၂။ မည်သည့်အကြောင်းပြချက်က အများဆုံးနည်း__________**

က။ ဘာကြောင့်လဲ ________________________________________

________________________________________________

**၃။ မည်သည့်အကြောင်းပြချက်က အနည်းဆုံးနည်း__________**

က။ ဘာကြောင့်လဲ ________________________________________

________________________________________________

**၄။ နာခံမှုကြီးထွားရန် မည်သို့ပြုလုပ်သွားမည်နည်း**

၁။ ____________________________________________

၂။ ____________________________________________

၃။ ____________________________________________

၄။ ____________________________________________

၅။ ___________________________________________

# အခန်း ၃

# နှိမ့်ချမှုရှိခြင်း

**"ဘုရားသခင့်ရှေ့တော်၌ ကိုယ်ကိုကိုယ် နှိမ့်ချကြလော့။ သို့ပြုလျှင်၊ သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်"**
**(ယာ၄:၁၀)**

**သုတ္တံ၊ ၈:၁၃** တွင် **"မာနထောင်လွှားခြင်း၊ စော်ကားခြင်းစကားဖြင့်ပြောဆိုခြင်းတို့ကိုငါမုန်း၏"** ဟူ၍ဆိုထားပါသည်။ ဘုရားသခင့်စကားတော်တို့သည် ချို၍တရားသောစကားဖြစ်သော်လည်းတိကျ၍ ခိုင်မာသောဆုံးဖြတ်မှုကိုဖြစ်ပွားစေပါသည်။ အထူးသဖြင့် "ဘုရားသခင်မှတစ်ပါး အခြားသောဘုရားမည်သည်မရှိ" ဟူသောအမိန့်တော်တို့သည် ချိုသာပြတ်သားလှပါသည်။ ဘုရားသခင်သည် ကျွန်နိုပ်တို့နှင့် အရာခပ်သိမ်းကိုဖန်ဆင်းသောအရှင်ဖြစ်ပြီး၊ ကိုးကွယ်မှု၊ ပူဇော်အထူးကိုခံထိုက်တော်မူသောဘုရားဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်အခြားမည်သည့်အရာကိုမှ ဘုရားသခင့်အစားနေရာမပေးသင့်သော်လည်း ကျွန်ုပ်တို့မကြာမကြာပြုမှုလေ့ရှိကြသည်။ ထို့ကြောင့် မာန်မာနနှင့်ဝင့်ဝါမှုတို့က ကျွန်ုပ်တို့ဖြစ်သင့်သည်ထက် ဖြစ်လိုသောအရာကိုအစားထိုးလုပ်ဆောင်စေပါသည် (**ရောမ၊ ၁၂:၃**)။ ဘုရားရှင်သာ ပိုင်တော်မူထိုက်သောဂုဏ်အသရေနှင့် ဘုန်းကိုကျွန်ုပ်တို့မကြာမကြာ ယူတင်လိုကြသည်။ ဘုရားသခင်သည် သူ့သားသမီးများကိုနှိမ့်ချစွာဖြင့် လက်တော်အောက်တွင်ခိုလှုံရှင်သန်စေလိုသည်။ ထို့အတူ သားတော်ဘုရား၏ အုပ်စိုးမှုကိုလည်း ကြည်ဖြူစွာခံယူစေလိုပါသည်။ လက်ရှိတွင် ကျွန်ုပ်တို့လိုအပ်ပြီးအားလုံးသိနေသော ပုံသက်သေမှာ အိန္ဒိယနိုင်ငံရှိ သူဆင်းရဲများအကြားတွင် ဆက်ကပ်အစေခံခဲ့သော မာသာထရီဇာပင်ဖြစ်သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ခရစ်တော်ဘုရားကိုယ်တော်တိုင် မိန့်တော်မူခဲ့သည်မှာ "နောက်ကျသောသူအများတို့သည် အရင်ကျကြလိမ့်မည်။ အရင်ကျကြသောသူအများတို့သည် နောက် ကျကြလိမ့်မည်ဟု မိန့်တော်မူ၏" (**မာ၊ ၁၀:၃၁**)။ ခရစ်တော်နောက်တော်လိုက်ခြင်းဆိုသည်မှာ မိမိအလိုကိုငြင်းပယ်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့၏ မာန်မာနကိုခဝါချလျက် ခရစ်တော်နည်းတူ နှိမ့်ချစွာရှင်သန်မှုကိုဆိုလိုပါသည်။ ထို့ကြောင့်လည်း နှိမ့်ချမှုဟူသည် တပည့်တော်ဖြစ်ခြင်း၌ အရေးကြီးသောအုတ်မြစ်တစ်ခုအဖြစ်အရေးပါအရာရောက်နေခြင်းဖြစ်သည်။

**က။ နိဒါန်း။**

**၁။ နှိမ့်ချခြင်းဟူသည် အဘယ်နည်း။**

**Webster's Dictionary အဆိုအရ နှိမ့်ချခြင်းဟူသည်…**

- မောက်မာခြင်း၊ ဝါကြွားခြင်း၊ ခေါင်းမာခြင်း၊ ပလွှားခြင်းမရှိခြင်း
- ကောင်းစွာတုန့်ပြန်ခြင်း၊ ကမ်းလင့်မှုပြုခြင်း၊ ဝန်ခံမှုပြုခြင်း။
- ဟန်ဆောင်မှုမရှိ၊ ရိုကျိုးခြင်း၊ သဟဇာတဖြစ်ခြင်း၊ မျှတစွာဆက်ဆံခြင်း။
- ပကာသနမဖက်ခြင်း၊ အခွင့်အရေးမယူခြင်းတို့ဖြစ်သည်။

**၂။ အောက်ပါမေးခွန်း သုံးခုကို အတူတကွဖြေဆိုကြပါစို့။**

(က) နှိမ့်ချခြင်းဘာကြောင့်အရေးကြီးသနည်း။

(ခ) နှုတ်ကပတ်တော်က နှိမ့်ချခြင်းကိုမည်သို့ဆိုထားသနည်း။

(ဂ) နှိမ့်ချမှုရှိသူအဖြစ် မည်သို့ရှင်သန်နိုင်မည်နည်း။

## ခ။ နှိမ့်ချခြင်းဘာကြောင့် အရေးကြီးသနည်း။

**၁။ လူတိုင်းအတွက်။**

(က) မာနသည် ပျက်စီးခြင်း၏ ရှေ့ပြေးဖြစ်သည်။

"မာနသည်ပျက်စီးခြင်းအရင်၊ ထောင်လွှားသော သဘောသည် ရှုတ်ချခြင်း အရင်၌ နေရာကျတတ်၏။" (သုတ္တံ၊ ၁၆:၁၈)။

- အမြင့်ဆုံးသောအကိုင်းအခက်မှပြုတ်ကျခြင်း
- အခြားသူများ၏ တိုက်ခိုက်မှုကို ကိုယ်တိုင်ဖန်တီးခြင်း

(ခ) မာနမှ ခေါင်းမာခြင်း၊ အမြင်ကျဉ်းစေခြင်းနှင့် တစ်ဖက်သတ်ဆန်ခြင်းကိုဖြစ်စေသည်။

- အခြားသူများမနှစ်မြို့
- သင့်စကား၊ အပြုအမူများဖြင့် တစ်ပါးသူအားနာကျင်စေသည်။

(ဂ) လောကတွင် သင့်ထက်သာလွန်သောသူများစွာအမြဲရှိနေပါသည်။

**၂။ ခရစ်ယာန်များအတွက်။**

"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ" (ဧဖက်၊ ၂:၈-၉)။

(က) ကယ်တင်ခြင်း၌ ကျွန်ုပ်တို့ကုသိုလ်မပါ ဘုရားရှင့်ကျေးဇူးပြုမှုကို သိမှတ်ပါ။

- ကျွန်ုပ်တို့ဆောင်ရွက်မှုမပါ ဘုရားကျေးဇူးသက်သက်ဖြစ်သည်။
- ကုသိုလ်ဖြင့် ရရှိသည်ဟူသောလမ်းစဉ်ကို ရှောင်ကျဉ်ပါ။

(ခ) အောင်မြင်ခြင်း၌ ကျွန်ုပ်တို့ကုသိုလ်မပါ ဘုရားရှင့်ကျေးဇူးပြုမှုကို သိမှတ်ပါ။

"စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်းသော သူလည်း မတတ်နိုင်။ ကြီးပွါးစေတော်မူသော ဘုရား သခင်သာလျှင် တတ်နိုင်တော်မူ၏" (၁ ကော၊ ၃:၇)။

- ဝိညာဉ်တော်လမ်းပြမှုအတိုင်း အသက်တာ၌ အလိုတော်ပြီးမြောက်စေရန်ဖြစ်သည်။
- ကျွန်ုပ်တို့သည်အသုံးတော်ခံများဖြစ်ပြီး အရှင်သခင်မဟုတ်ကြပါ။

(ဂ) မိမိအစွမ်းတန်ခိုးကြောင့်ဟူ၍ ဝါကြွားခြင်းမှ ကင်းလွတ်စေပါသည်။

- မိမိကိုယ်ကိုဂုဏ်ယူဝါကြွားခြင်းက ဘုရားဘုန်းတော်ရှုတ်ချခြင်းဖြစ်သည်။
- ကျွန်ုပ်အားဖြင့်ဟုဆိုခြင်းက ဘုရားကိုပထုတ်လိုက်ခြင်းဖြစ်သည်။

(ဃ) တပည့်တော်တိုင်း ခရစ်တော်သွန်သင်မှုကိုနာယူ၍ အတုယူရှင်သန်ကြရပါမည်။

**၃။ သင်းအုပ်နှင့် ခေါင်းဆောင်များအတွက်။**

"သို့ဖြစ်၍ အဘယ်သို့နည်း၊ လျှို့ဝှက်၍ ဟောပြောသည်ဖြစ်စေ၊ သစ္စာရှိ၍ ဟောပြောသည်ဖြစ်စေ၊ အဘယ်သို့သောအားဖြင့် ဟောပြောသည်ဖြစ်စေ၊ ခရစ်တော်၏တရားကို ဟောပြောခြင်းရှိ၏။ ထိုအကြောင်းကြောင့် ငါသည် ယခုဝမ်းမြောက်၏။ နောင်၌လည်း ဝမ်းမြောက်လိမ့်မည်" (ဖိ၊ ၁း၁၈)။

(က) ကျွန်ုပ်တို့အစား ခရစ်တော်ကို လူတိုင်းမြင်တွေ့စေခြင်း။

- မိမိကိုယ်ကိုဗဟိုပြုထားလျှင် အခြားသူတို့သည် ခရစ်တော်ကိုမမြင်တွေ့နိုင်။
- ဘုရားသာသနာဖြစ်သည် ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်။
- သူတို့အကျွတ်တရားသည် ခရစ်တော်၌မူတည်သည် ကျွန်ုပ်တို့၌မဟုတ်။

(ခ) ခရစ်တော်နည်းတူ ဦးဆောင်မှုပြုခြင်း။

- ယေရှုသည် ခမည်းတော်ဘုန်းကိုရှာခဲ့သည် မိမိဘုန်းအတွက်မဟုတ်ခဲ့။
- အစေခံမှုပြုရန်ကြွလာခဲ့သည် အစေစားခံရန်မဟုတ်ခဲ့ (မ၊ ၂၀း၂၈)။

(ဂ) အခြားသူများလမ်းလွဲစေခြင်းမှ ကာကွယ်ပေးခဲ့သည်။

- သူတို့အတွက် သင်၌တာဝန်ရှိပါသည် (မ၊ ၁၈း၆-၇)။
- သမ္မာတရားကို အပေးအယူမပြုပါနဲ့ (၂ တိ၊ ၄း၃)။

## ဂ။ နှုတ်ကပတ်တော်က နှိမ့်ချခြင်းကိုမည်သို့ဆိုထားသနည်း။

**၁။ လောကီနှင့် နှုတ်ကပတ်တော်အကြား ကွဲပြားခြားနားချက်။**

| **လောကီဆိုရိုးစကား** | **ဘုရားဆိုရိုးစကား** |
|---|---|
| မိမိမှ တစ်ပါး အားကိုးရာမရှိ | ဘုရားမှုပြီးမြောက်စေသည် (၁ ကော၊ ၃:၆-၇) |
| ကံတူအကျိုးပေး | ဘုရားသခင်ဆုချသည် (ဖေက်၊ ၆:၈) |
| အောင်မြင်ကြွယ်ဝခြင်းဖြင့် ဘဝအဆုံးသတ်မည် | မရှိဆင်းရဲသူများကို ပေးလှူပါ (လု၊ ၁၈:၂၂)။ |
| လက်ဦးမှုဖြင့် တက်လမ်းရှာပါ | နောက်ဆုံးသူ အရင်ကျမည် (မ၊ ၂၀:၁၆) |
| ဦးဆောင်မှုသည် အာဏာဖြင့်စသည် | ဦးဆောင်မှုသည် တာဝန်ယူမှုဖြင့်စသည် (၁ ပေ၊ ၅:၂) |
| သင့်အောင်မြင်မှုအတွက် ဂုဏ်ယူလိုက်ပါ | ပြုသမျှဘုန်းတော်အတွက်ဖြစ်စေပါ (၁ ကော၊ ၁၀:၃၁) |

**၂။ နှိမ့်ချမှုပြုရန် ဘာကြောင့်ခက်ခဲရပါသနည်း။**

(က) လူ့ဇီဇနှင့်မညီ။

- ဇာတိနှင့် ဝိညာဉ်ပကတိအကြား လွန်စွဲခြင်း (ဂလာ၊ ၅:၁၇)။
- ရှင်ပေါလုကိုယ်၌ရှိသောဆူး (၂ ကော၊ ၁၂:၇-၁၀)

(ခ) ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းဆန်၍ အတ္တဗဟိုပြုကြသည်။

- မိမိကိုယ်သာအားကိုးရာ (ရုပ်ပိုင်းဆိုင်ရာ)

- ငါနှင့်ငါသာခိုင်းနှိုင်းရာ (စိတ်ပိုင်းဆိုင်ရာ)

(ဂ) အခြားသူများအား တန်ဘိုးမထားတတ်ခြင်း။

- အခြားသူ၏ ကောင်းခြင်းထက် အဆိုးကိုသာမြင်တတ်ခြင်း။
- မိမိကိုယ်ကိုနှင့် မိမိအသိပညာကိုသာ အမှတ်ယူထားလေ့ရှိကြသည်။

(ဃ) ဘုရားစကားတော်ကို အားကိုးယုံကြည်မှုမရှိခြင်း။

- ဘုရားစကားတော်ကိုအခြားသူအတွက်သာထားပြီး မိမိအတွက်မကျင့်သုံးခြင်း။
- ကတိတော်များကို သံသယပွားခြင်း

## ဃ။ နှိမ့်ချမှုရှိသူအဖြစ် မည်သို့ရှင်သန်နိုင်မည်နည်း။

"အချင်းလူ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့် ပြုခြင်း၊ ကရုဏာကိုနှစ်သက်ခြင်း၊ သင်၏ ဘုရားသခင့် ရှေ့တော်၌ နှိမ့်ချသော စိတ်နှင့် ကျင့်နေခြင်း မှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရား တောင်းတော်မူသနည်း" (မိက္ခာ၊ ၆:၈)။

၁။ နှိမ့်ချမှုစိတ်ထားပြုပေးရန် တောင်းခံခြင်း။

၂။ ငါပြုသည်ဟူသောစကားကိုရှောင်၍ ဘုရားပြုသည်ဟူ၍ပြောပါ။

၃။ အခြားသူကို ဦးစားပေးမှုစတင်မှုပြုပါ။

- သူတို့လိုအင်သည် သင့်စိတ်ဝင်စားရာဖြစ်စေပါ။
- အစေခံသောခေါင်းဆောင်တစ်ဦးဖြစ်စေပါ။

၄။ ကိုယ်တိုင်အမှတ်မယူပဲ ဘုရားနှင့်အခြားသူကိုအသိမှတ်ပြုပေးပါ။

## င။ သုံးသပ်စရာအချို့

၁။ ဆောင်ရွက်ပြီးစီးသမျှဘုရားကိုသာ ဘုန်းတော်ပေးအပ်ပါ။

၂။ မိမိကိုယ်ကိုပလွှားခြင်းမျိုးလည်း အခြားသူများ၌ မပြုမိပါစေနဲ့။

၃။ ကာလ၊ ဒေသရှိယဉ်ကျေးမှုများဖြင့် အောင်မြင်မှုကိုအဆုံးအဖြတ်မပြုပါနဲ့။

၄။ ကျွန်ုပ်တို့သည် ခရစ်တော်မဟုတ် ခရစ်တော်၏သံတမန်များသာဖြစ်ကြသည် (၂ ကော၊ ၅:၂၀)။

**"ထိုကြောင့် ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကိုချီးမြှောက်တော်မူမည်အကြောင်း၊ တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ်ကိုကိုယ် နှိမ့်ချကြလော့"**

**(၁ ပေ၊ ၅:၆)။**

# နှိမ့်ချမှုအတွက် လေ့ကျင့်ခန်း

နှိမ့်ချမှုနှင့်စပ်ဆိုင်ပြီး မေးခွန်းများကို ပြုစုထားပါသည်။ တစ်ခုချင်းကိုသေချာစွာဖတ်ရှုပြီးနောက် သင့်အတွက် ကိုက်ညီမှုရှိသောအရာကို အမှတ်အသားပြုဆောင်ရွက်ပါ။ ကောင်းမွန်သောအသက်တာကို ရရှိနိုင်စေဖို့ ရိုးသားမှုဖြင့် မှန်ကန်စွာဖြေဆိုပေးပါ။

**၀ = လုံး၀ ၁ = ကြုံတောင့်ကြုံခဲ ၂ = တစ်ခါတစ်ရံ ၃ = မကြာမကြာ ၄ = ပုံမှန် ၅ = အမြဲ**

၁။ လူများသဘောမတူညီမှုရှိသောအခါ ငြင်းခုန် (သို့) သက်သေပြရန် လိုအပ်သည်ဟု ခံစားပါသလား။
၂။ သင်မနှစ်သူများ ချီးမြောက်ခံရသောအခါ နာကျင်ရပါသလား။
၃။ သင်အမှားပြုမိသောအခါ ဝန်ခံရန်ခက်ခဲမှုရှိသလား။
၄။ သင့်ပြီးမြောက်မှုကို အားလုံးနှင့်မျှဝေရာ၌ ပျော်ရွှင်ပါသလား။
၅။ ချီးကျူး၊ ဂုဏ်ပြုခြင်းခံရဖို့အလို့ငှါ သင်ဆောင်ရွက်ပါသလား။
၆။ ဘုန်းတော်အတွက်ကျူးမေည့်အစား ချီးမွမ်းခြင်းကို လက်ခံတတ်ပါသလား။
၇။ သင်ရထိုက်သောချီးမြောက်၊ ဂုဏ်ပြုမှုကိုမရသောအခါ ဒေါသထွက်မိပါသလား။
၈။ လူတို့အမှားပြုသောအခါ အလျင်အမြန်အမှားပြင်ဆင်ပေးမှုပြုပေးပါသလား။
၉။ ဘုရားအမည်ထက် သင့်အမည်ထင်ရှားစေရန်သာ စိတ်အားထက်သန်နေပါသလား။
၁၀။ ဘုရားနှင့်နှိုင်းယှဉ်ရမည့်အစား အခြားသူများနှင့်မိမိကိုယ်ကိုနှိုင်းယှဉ်မှုပြုပါသလား။

စုပေါင်းရမှတ် _______ (ရမှတ်များကို ပေါင်းပါ)

**စုပေါင်းအမှတ်စာရင်း၏ ဖွင့်ဆိုမှု**

| | |
|---|---|
| ၄၀+ | ပျဉ်းမျှအခြားသူထက် မိမိကိုယ်ကိုဗဟိုပြု၍ ခေါင်းမာ၊ ဝင့်ကြွားသူဖြစ်သည်။ |
| ၃၀-၃၉ | မကြာမကြာမိမိကိုယ်ကိုဦးစားပေးပြီး အခြားသူအတွက်စဉ်းစားမှုနည်းပါးသည်။ |
| ၂၀-၂၉ | နှိမ့်ချမှုပြချိန်ရှိသော်လည်း တစ်ခါတစ်ရံမိမိလိုအင်ကိုအခြားသူထက် ဦးစားပေးလေ့ရှိသည်။ |
| ၁၀-၁၉ | နှိမ့်ချမှုရှိပြီး၊ မကြာမကြာအခြားသူများလိုအပ်ကိုဦးစားပေးလေ့ရှိသည်။ |
| ၀-၉ | လွန်စွာနှိမ့်ချ၍ အခြားသူများလိုအင်ကိုဦးစားပေးဗဟိုပြုသူဖြစ်သည်။ |

# အခန်း ၄

## ဘဏ္ဍာစိုးကောင်းဖြစ်ခြင်း

**"သူတပါးအားပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်းရုံမျှမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည် သူတပါးအားပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်"**
**(လု၊ ၆:၃၈)။**

အသင်းတော်နှင့် သာသနာခေါင်းဆောင်များအဖို့ ခက်ခဲသောအမှုများစွာရှိသည်။ ထိုအထဲရှိ တစ်ခုမှာ လူထုအား ဘုရားသာသနာအတွက် သူတို့အချိန်၊ ငွေကြေး၊ စွမ်းရည်များကိုပေးဆပ်၍ပါဝင်မှုပြုကြရန် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ အချို့ သောသူများက လွန်စွာအလုပ်များကြပြီး၊ အချို့သောသူများက သူတို့မည်သို့ပါဝင်ဆက်ကပ်ရမည်ကို လုံးဝမခံစားကြရသလို၊ အချို့ကလည်း သူတို့အချိန်၊ ငွေကြေး၊ အရင်းအမြစ်များကိုပေးလှူပါ ဝင်ရန် လုံးဝစိတ်ဝင်စားခြင်းမရှိပဲ "ဆရာ/ ဆရာမများ" (သို့) "တတ်သိပညာရှင်များ" သာလျှင်လုပ်ဆောင်ကြရမည်ဟု ထင်မှတ်ထားကြသည်။ နှုတ်ကပတ်တော် ကိုနက်ရှိုင်းစွာလေ့လာလျှင် လူတိုင်းကို ဆုကျေးဇူးအသီးသီးပေးအပ်လျက် နိုင်ငံတော်တည်ထောင်ရာ၌ အသုံးပြုအစေ ခံကြရန်နှင့် အချင်းချင်းတည်ဆောက်မှုပြု၍ ထားရှိသောအကြံအစည်များကို ကဏ္ဍအလိုက်ပါဝင်ကြရန်ဖြစ်သည်။ ၎င်း မှာအမှန်တရားဖြစ်လျှင် ဘာကြောင့်များစွာသောခရစ်ယာန်တို့က သူတို့၏ အစွမ်း၊ ခွန်အား၊ အချိန်များဖြင့်ဘုရားဘုန်း တော်ထင်ရှားစေဖို့ ကျဆုံးနေကြရပါသနည်း။ ထိုအတွက်ဦးစွာ အရေးကြီးသောအရာမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးချင်းအား သူ့ဘုန်းတော်နှင့်သာသနာ အတွက်ကောင်းစွာ စီမံခန့်ခွဲမှုပြုသော ဘဏ္ဍာစိုးကောင်းများဖြစ်သည်ကို သိမှတ်ကြရန်ဖြစ်သည်။ ထို့နောက်တပည့်တော်များဖြစ်လာရန် သင်ကြားခံယူပြီးသည့်နောက်တွင် စိတ်ရင်းမှန်၊ မေတ္တာအရင်းခံလျက် ခန္ဓာ၊ စိတ်၊ ဝိညာဉ်သုံးရပ်လုံးဖြင့် အကြံအစည်တော်များပြီးမြောက်လာစေရန် ဘဏ္ဍာစိုးကောင်းတစ်ဦး အဖြစ်အလိုလိုဖြစ်တည်လာပါလိမ့်မည်။

### က။ ဘဏ္ဍာစိုးဟူသည် အဘယ်နည်း။

**၁။ ဌာနဆိုင်ရာရှိ အရင်းအမြစ်များကို စီမံခန့်ခွဲမှု။**

(က) ရုံး၊ တာဝန်နှင့် ပေးအပ်လာသောရာထူးအလိုက်လုပ်ဆောင်ခြင်း။

(ခ) ကမကထပြုခြင်း၊ စောင့်ကြပ်မှုပြုခြင်း၊ စီမံခန့်ခွဲခြင်း။

(ဂ) ပေးအပ်လာသောတာဝန်အလိုက် စနစ်တကျဖြင့်စီမံမှုဒပြု၍ တာဝန်ခံယူမှုပြုခြင်း။

**၂။ ဘုရားပိုင်၍ ကျွန်ုပ်တို့စီမံကြသည်။**

(က) အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းသည် (က၊ ၁:၁)။

(ခ) ကျွန်ုပ်တို့ပိုင်ဆိုင်သမျှသည် ဘုရားထံတော်မှသက်ရောက်ကြသည်။

"ငါချစ်သောညီအစ်ကိုတို့၊ အလွဲမယူကြနှင့်။ ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏။" (ယာ၊ ၁:၁၆)။

**၃။ ဘဏ္ဍာစိုးအကြောင်း ခရစ်တော်သွန်သင်တော်မူခဲ့သည်။**

(က) ဆုကျေးဇူးနှင့်စပ်ဆိုင်သော ဥပမာ (မ၊ ၂၅:၁၄-၃၀)။

- နိယာမ #၁ - ဘုရားသခင်ပေးတာဝန်များအတွက် တာဝန်ခံယူမှုရှိရလိမ့်မည်။
- နိယာမ #၂ - ကြွယ်ဝအောင်မြင်မှုအတိုင်း ပို၍အပ်နှင်းခြင်းခံရမည် (မ၊ ၂၅:၂၉)။

**(ခ) ပညာရှိသောဘဏ္ဍာစိုး ဥပမာ (လု၊ ၁၂:၃၅-၄၈)။**

- နိယာမ # ၁ - သမ္မာသတိပြု၍ အသင့်ရှိနေခြင်း (လု၊ ၁၂:၄၀)
- နိယာမ # ၂ - ကြွယ်ဝအောင်မြင်မှုနှင့်အတူ ပို၍အပ်နှင်းခြင်းခံရမည် (လု၊ ၁၂:၄၈)။

**(ဂ) ဗျူဟာကြွယ်ဝသော ဘဏ္ဍာစိုး ဥပမာ (လု၊ ၁၆:၁-၁၃)။**

- နိယာမ # ၁ - အနည်းငယ်အပ်နှင်းမှုမှ ကြီးစွာသောအပ်နှံခြင်းခံရမည် (လု၊ ၁၆:၁၀)
- နိယာမ # ၂ - ဘုရားသခင်နှင့် ငွေကြေး၏ အစေကို တစ်ပြိုင်တည်းမခံယူနိုင် (လု၊ ၁၆:၁၃)။

**၄။ ဘဏ္ဍာစိုးဟူသည် “ဖြစ်ခဲ့လျှင်” နှင့် “အချိန်အခါ” မဟုတ် “မည်သို့ပြုမှုသည်” ကိုဆိုလိုသည်။**

(က) တပည့်တော်ဖြစ်သည့်နည်းတူ ပေးလှူမှုပြုရန်ခေါ်ထားခြင်းဖြစ်သည် (မ၊ ၂၂:၂၁)။

(ခ) စေတနာစိတ်ဖြင့်ပေးရန် ဘုရားရှင်ခေါ်ထားခြင်းဖြစ်သည် (၂ ကော၊ ၉:၇)။

(ဂ) စွန့်လွှတ်ပေးလှူရန် ဘုရားရှင်ခေါ်ထားခြင်းဖြစ်သည် (မ၊ ၁၉:၂၁)။

(ဃ) ရက်ရောစွာပေးလှူရန် ဘုရားရှင်ခေါ်ထားခြင်းဖြစ်သည် (ရောမ၊ ၁၂:၈)။

## ခ။ ဘုရားရှင်သာ ခပ်သိမ်းတို့၏ အခရာဖြစ်ကြောင်း သိမှတ်ရမည်။

### ၁။ ကျွန်ုပ်တို့အားပေးမှုပြုသော်လည်း ဘုရားသခင်သာသီးပွင့်စေနိုင်သည်။

“ငါသည်စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည်ရေလောင်းသောသူဖြစ်၏။ အပင်ကိုကြီးပွါးစေသောသူကား၊ ဘုရားသခင်ပေတည်း။ စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်းသောသူလည်းမတတ်နိုင်။ ကြီးပွါးစေတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏” (၁ ကော၊ ၃:၆-၇)။

### ၂။ ဘုရားသခင့်အမှုကို ကျွန်ုပ်တို့ တုန့်ပြန်ဆောင်ရွက်မှုပြုခြင်းဖြစ်သည်။

“ဘုရားသခင်သည် ငါတို့ကိုရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏” (၁ ယော၊ ၄:၁၉)။

### ၃။ ပိုင်ဆိုင်မှုအားလုံး ဘုရားထံမှဆင်းသက်လာခြင်းဖြစ်သည်။

“ငါချစ်သောညီအစ်ကိုတို့၊ အလွဲမယူကြနှင့်။ ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏ အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှ လာကြ၏” (ယာ၊ ၁:၁၆)။

### ၄။ ပေးလှူခြင်းသည် ဝမ်းမြောက်ခြင်းစုံလင်၍ မင်္ဂလာကိုဖြစ်စေသည်။

“ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသော သူတို့ကို မစရမည်ကိုင်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်း အရာသည်သာ၍ မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူသော စကားတော်ကို အောက်မေ့ရမည်ကိုင်း၊ အရာရာ၌ သင်တို့အား ငါပြပြီ” (တမန်၊ ၂၀:၃၅)။

### ၅။ အကြံအစည်တော်နှင့်အညီ ကျွန်ုပ်တို့ကိုဖန်ဆင်းခဲ့ကြောင်း သိမှတ်ပါ။

“သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူး အပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်းဝေငှပေးကမ်းကြလော့” (၁ ပေ၊ ၄:၁၀)။

(က) ဘုရားသခင့်ဆုကျေးဇူးကို အပ်နှင်းခံထားရသူများဖြစ်သည်။

(ခ) ခရစ်တော်ခန္ဓာတော်တည်ဆောက်ဖို့ ဆုကျေးဇူးများအသုံးပြုရန် ခေါ်ခြင်းခံရသူများဖြစ်သည်။

(ဂ) မည်သို့ဆုကျေးဇူးကိုအသုံးပြုရမည်ကို သိရှိရန်လိုအပ်သည်။

## ဂ။ ဘဏ္ဍာစိုးဟူသည် တပည့်တော်ဖြစ်ခြင်းမှ သန္ဓေတည်ဖွားမြင်လာခြင်းဖြစ်သည်။

### ၁။ လူ့ဇာတိပကတိနှင့် ဝိညာဉ်ပကတိအခြား လွန်ဆွဲမှုရှိတတ်သည်။

"အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ် ပကတိသည် တပါးနှင့်တပါးဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သော အကျင့်ကို မကျင့်နိုင်ကြ" (ဂလာ၊ ၅:၁၇)။

(က) အတ္တဆန်မှုနှင့် လောဘကိုဖြစ်စေသော အပြစ်တရားကို ကျွန်ုပ်တို့စွန့်လွှတ်ကြရမည်။

(ခ) အစေခံခြင်းနှင့် စွန့်လွှတ်ခြင်းကိုဖြစ်စေသော ဝိညာဉ်ပကတိကို ကျွန်ုပ်တို့ပြုစုကြရမည်။

### ၂။ ဘုရားသခင့်လမ်းစဉ်ကို ကျွန်ုပ်တို့အားလုံးသင်ယူဖို့လိုသည်။

"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏" (၂ တိ၊ ၃:၁၆-၁၇)။

### (က) ယုံကြည်သူတိုင်း နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာရန် အားပေးမှုပြုကြရမည်။

- ကျမ်းစာသင်တန်းများ
- နေ့စဉ် ကျမ်းစာဖတ်ရှုခြင်း
- နေ့စဉ် ဝတ်ပြုကိုးကွယ်ခြင်း

### (ခ) ယုံကြည်သူတိုင်း ဖြောင့်မတ်ခြင်း၌ ကြီးရင့်ရန်သွန်သင်မှုခံယူကြရပါမည်။

- ဘုရားသခင့်စကားတော်များကို နာခံမှုပြုရန်။
- သန့်ရှင်းစွာဖြင့်အသက်ရှင်သန်မှုပြုရန်။

### (ဂ) နှုတ်ကပတ်တော်ဖြင့်ရှုမြင်အသက်ရှင်ကြီးရင့်ဖို့လိုအပ်ပါသည်။

### ၃။ ဘုရားသခင်နှင့်နီးကပ်စွာအသက်ရှင်ခြင်းက ဘဏ္ဍာစိုးအဖြစ်ကြီးရင့်စေသည်။

(က) နှုတ်ကပတ်တော်လေ့လာသည်နှင့်အမျှ အစေခံရန် စိတ်အားထက်သန်စေသည်။

"ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လှူ ပူဇော်သောခရစ်တော်၏ အသွေးသည်၊ သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသော စိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍ တတ်နိုင်တော်မူသည်မဟုတ်လော" (ဟေဗြဲ၊ ၉:၁၄)။

(ခ) ယုံကြည်မှုကြီးထွားလာမှုကို လက်တွေ့ဖြင့်ကျင့်သုံးမှုပြု၍ဖေါ်ညွှန်းရန်ဖြစ်သည်။

"တနည်းကား၊ သင်သည်ယုံကြည်ခြင်းရှိ၏။ ငါသည်အကျင့်ရှိ၏။ သို့ဖြစ်၍ သင်သည်အကျင့်မရှိဘဲ သင်၏ယုံကြည်ခြင်းကို ပြလော့။ ငါမူကား၊ အကျင့်အားဖြင့် ငါ၏ယုံကြည်ခြင်းကို ပြမည်ဟုပြောစရာရှိ၏" (ယာ၊ ၂:၁၈)။

### ၄။ တပည့်တော်ဖြစ်စေခြင်းက အခြားသူများလည်း ဘုရားနှင့်သင့်မြတ်လိုမှုကိုဖြစ်စေသည်။

"ထိုသို့နှင့်အညီသင်တို့သည် ယုံကြည်ခြင်း၊ တရားဟောခြင်း၊ ဉာဏ်ရှိခြင်း၊ အမျိုးမျိုးသောသတိနှင့် ပြည့်စုံခြင်း၊ ငါတို့ကိုချစ်ခြင်းမှ စသော အလုံးစုံတို့နှင့် ကြွယ်ဝပြည့်စုံသည်ဖြစ်၍ ထိုကျေးဇူးနှင့်လည်း ကြွယ်ဝပြည့်စုံခြင်းဖြစ်စေသတည်း" (၂ ကော၊ ၈:၇)။

(က) ဘုရားစကားသည် အမိန့်ထက် အားပေးမှုကိုဖြစ်စေသည်။

(ခ) ဘုရားနှင့်နီးသည်နှင့်အမျှ ကျေးဇူးတရားကိုပိုမို၍နားလည်ခံစားစေသည်။

**ဃ။ ပေးလှူခြင်းသည် အများအားဖြင့် လိုအပ်မှုကိုသိမြင်ခြင်းမှအစပြုသည်။**

**၁။ လိုအပ်မှုကို လူထုအားချပြပေး၍ တုန့်ပြန်မှုကိုဖေါ်ဆောင်ပါ။**

(က) လူထုအတွက် စွမ်းရည်၊ ငွေကြေးနှင့် လိုအပ်မှုကိုလူတိုင်းသိရှိစေပါ။

(ခ) လိုအပ်မှုအတွက်တော်လျော်သောသက်သေခံချက်များဖြင့် မျှဝေမှုပြုပါ။

(ဂ) အကူအညီလိုအပ်မှုတင်ပြရန် မကြောက်ရွံ့ပါနဲ့။

"သင်တို့သည် တပ်မက်၍မရကြ။ လူအသက်ကို သတ်၍ငင်၊ အလွန်လိုချင်သောလောဘစိတ်ရှိ၍ငင်၊ အလိုမပြည့်စုံနိုင်ကြ။ ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းကိုလည်း ပြု၍မရကြ။ အကြောင်းမူကား၊ ဆုမတောင်းဘဲ နေကြ၏" (ယာ၊ ၄:၂)။

**၂။ ဝိညာဉ်တော်ဘုရားမှ ဦးဆောင်မှုပြုခြင်းကိုအခွင့်ပေးခံယူပါ။**

(က) စေတနာအလျောက်ဆောင်ရွက်နိုင်စေရန် လူထုကိုအချိန်ပေးပါ။

(ခ) သင့်ကိုမဟုတ် လူထုကိုအစေခံခြင်းနှင့် ပေးလှူခြင်းပြုနိုင်ရန် ဝိညာဉ်တော်လမ်းပြစေပါ။

- မတောင်းခံပါနဲ့။
- အပြစ်ပေး (သို့) ခြောက်လှန့်ခြင်းမပြုပါနဲ့

**၃။ ထိုလိုအပ်မှုအတွက် ဆုတောင်းမှုပြုရန် လူထုကိုအားပေးပါ။**

(က) ဘုရားကိုကြားလျောက်ချိန် ဘုရားသခင်မှ သူတို့အားကြားပြောပါလိမ့်မည်။

(ခ) ဝိညာဉ်တော်ဘုရားမှ ဆင့်ခေါ်၍ တုန့်ပြန်မှုပြုစေပါလိမ့်မည်။

**င။ နိဂုံး။**

**၁။ ဘဏ္ဍာစိုးဟူသည် တောင်းဆိုမှုမဟုတ် တာဝန်ဝတ္တရားဖြစ်သည်။**

(က) ဘဏ္ဍာစိုးသည် ကျေးဇူးတရားခံစားရမှုများမှစီးဆင်းလာခြင်းဖြစ်သည်။

(ခ) ဘဏ္ဍာစိုးသည် ယုံကြည်ခြင်းကိုမွေးဖွားစေ - ယုံကြည်ခြင်းမှသာဘဏ္ဍာစိုးဖြစ်စေသည်။

**၂။ တပည့်တော်ဖြစ်ခြင်းက ဘဏ္ဍာစိုးကောင်းအဖြစ်ဦးတည်စေသည်။**

(က) အမှုတော်ကို ဘုရားစကားတော်အားဖြင့်ပြီးမြောက်စေရန်အခွင့်ပေးပါ။

(ခ) လူထုအား နှုတ်ကပတ်တော်သွန်သင်မှုပြုလျှင် ဘဏ္ဍာစိုးသည် အလိုလိုသန္ဓေတည်ပါလိမ့်မည်။

**၃။ ဘုရားသခင်ထိတွေ့သောသူများဖြင့် အမှုပြုစေရန် ဝိညာဉ်တော်ဘုရားကိုအခွင့်ပေးပါ။**

(က) အရင်းအမြစ်မည်သည့်အရပ်မှလာမည်ဟူ၍ တင်ကြို၍အဆုံးအဖြတ်မပြုပါနဲ့။

(ခ) ဝိညာဉ်တော်မှထောက်မသည့်အတိုင်း ခံယူရန်အသင့်အနေအထားဖြင့်ရှိနေပါ။

# ဘဏ္ဍာစိုးကောင်းဖြစ်ခြင်းအတွက် လေ့ကျင့်ခန်း

အခြားသူများ ဘဏ္ဍာစိုးကောင်းဖြစ်စေရန် သင်လှုံ့ဆော်မှုပြုလုပ်နိုင်သောအရာများကို စာရင်းပြုစုပါ။

၁။

၂။

၃။

၄။

၅။

၆။

၇။

၈။

၉။

၁၀။

# အပိုင်း ၂

## <u>တပည့်တော်ဖြစ်ခြင်းဆိုင်ရာ နိယာမများ</u>



# အခန်း ၅

# ကလေးများ တပည့်တော်ဖြစ်စေခြင်း

**"ထိုအခါသူငယ်တို့ကို လက်တော်နှင့် တို့စေခြင်းငှါ အထံတော်သို့ ဆောင်ခဲ့သည်ဖြစ်၍၊ တပည့်တော် တို့သည် ဆောင်ခဲ့သောသူတို့ကို အပြစ်တင်ကြ၏။ ယေရှုသည်မြင်တော်မူလျှင် အမျက်တော်ထွက်၍၊ ထိုသူငယ်တို့ကို ငါ့ထံသို့လာပါစေလေ။ မဆီးတား ကြနှင့်။ ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်၏။ ငါအမှန်ဆိုသည်ကား၊ အကြင်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို သူငယ်ကဲ့သို့မခံယူ၊ ထိုသူသည် နိုင်ငံတော်သို့မဝင်ရဟု မိန့်တော်မူပြီးမှ၊ သူငယ်တို့ကို ချီပိုက်၍ သူတို့အပေါ်မှာ လက်တော်ကိုတင်လျက် ကောင်းကြီးပေးတော်မူ၏"**

**(မာ၊ ၁၀:၁၃-၁၆)။**

ကလေးသူငယ်များကို မည်မျှချစ်ကြောင်း ခရစ်တော်ပြသတော်မူခဲ့သည်။ ထို့အတူကလေးများအား မည်သို့အလေးအမြတ်ပေးသင့်ကြောင်းလည်း ပြသခဲ့ခြင်းမှာ ယုံကြည်မှုအတွက် စံနမူနာလည်းဖြစ်ပေသည်။ ယေရှုခရစ်တော်နှင့် နှုတ်ကပတ်တော်အား ကလေးသူငယ်များကို သင်ကြားပေးခြင်းကကောင်းသော်လည်း ဘုရားသခင့်နိုင်ငံတော်ကိုသူတို့အားလုံးလက်ခံမှုပြုစေခြင်းကသာလျှင် ပန်းတိုင်ဖြစ်သည်။ ကလေးများအား "အနာဂတ်အသင်းတော်" ဟူ၍မကြာမကြာခေါ်ဆိုလေ့ရှိကြသည်။ သူတို့သည် အသင်းတော်၏အနာဂတ်များဖြစ်ပြီး၊ သူတို့ကို ဆုံးရှုံးရခြင်းက အသင်းတော်ဆုံးရှုံးရခြင်းလည်းဖြစ်သည်။ ထို့အတူကလေးများသည် "ယနေ့အသင်းတော်" များဖြစ်ကြသောကြောင့် ကျွန်ုပ်တို့နည်းတူ ခရစ်တော်၏တပည့်တော်များအဖြစ်မြင်တွေ့ရန်လိုအပ်ပါသည်။

## က။ ဘုရားသခင့်အကြံတော်ဖြစ်သော ကလေးသာသနာ။

### ၁။ တပည့်တော်လေးများဖြစ်စေခြင်း။

ရှင်မဿဲ၊ ၂၈:၁၉ ကိုကြည့်လျှင် မဟာစေခိုင်းချက်ကိုတွေ့ရသည် က"လူမျိုးတကာအား ငါ့တပည့်ဖြစ်စေ ရန်" ဟူ၍တွေ့ရပါသည်။ အခြားမူကွဲတစ်ခုတွင် "ရပ်နီး၊ ရပ်ဝေးမည်သို့ပင် ဖြစ်စေ သင်တွေ့သမျှလူတိုင်းကို ငါ့လမ်းစဉ်အတိုင်းသွန်သင်မှုပြုပေးပါ"ဟူ၍တွေ့ရသည်။ ၁ တိ၊ ၂:၄ တွင် လူတိုင်း ကယ်တင်ခြင်းသို့ရောက်၍သမ္မာ တရားသိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိသည်" ဟူ၍ဆိုထားပါသည်။

### ၂။ လူတိုင်းပါဝင်ခွင့်ရရှိကြရန် - လူတိုင်းအတွက် မိသားစုအသင်းတော်။

(က) ဥပုသ်စာဖြေကျောင်းသည် သာမန်ကျောင်းမဟုတ် - အသင်းတော်မိသားစုဖြစ်သည်။

(ခ) ၎င်းမှာ ကလေးစောင့်ရှောက်ရေးဂေဟာမဟုတ် - ရာနှုန်းပြည့် သာသနာဖြစ်သည်။

(ဂ) ဆရာနှင့်မိဘသာလမ်းညွှန်ပြသူမဟုတ် - ယေရှုသာစံနမူနာ၏ဗဟိုဖြစ်သည်။

### ၃။ အသင်းတော်ရှိကျား/မအားလုံးကို လေးစားမှုရှိရန်ဖြစ်ပြီး ကလေးများအပါအဝင်ဖြစ်သည်။

"ကိုယ်တော်ပြုတော်မူသော အံ့ဩဘွယ်အမှုတို့ကိုငင်း၊ သူငယ်တို့ကလည်း၊ ဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏာ ဖြစ်စေသတည်းဟု ဗိမာန်တော်၌ကြွေးကြော်ကြသည်ကိုငင်း၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့သည် ကြားမြင်လျှင် အမျက်ထွက်ကြ၍၊ ဤသူတို့သည် အဘယ်သို့ပြောဆိုသည်ကို ကြားသလောဟု ယေရှုအားမေးကြလေသော်၊ ငါကြား၏။ နို့စို့သူငယ်တို့ နှုတ်ထဲမှကိုယ်တော်သည် ချီးမွမ်းခြင်းကိုပြင်ဆင်တော်မူသည်ဟူသော စကားကို သင်တို့သည် တရံတခါမျှ မဘတ်ဘူးသလောဟုမိန့်တော်မူ၏" (မ၊ ၂၁:၁၅-၁၆ = ဆာလံ၊ ၈:၂ ကိုကိုးကားခဲ့ခြင်း ဖြစ်သည်။

## ခ။ ကလေးများအားသွန်သင်ပေးခြင်း။

အသင်းတော်၌ကလေးများ သွန်သင်ပေးခြင်းမှာ သင်ရိုးထက်ပိုပါသည် (နှုတ်ကပတ်တော်ဖတ်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းနှင့် ပေးလှူခြင်းတို့ပါဝင်သည်။

### ၁။ ချီးမွမ်း ကိုးကွယ်ခြင်း။

(က) အသင်းတော်တို့စီမံမှုများ။

အချို့အသင်းတော်များက မိဘများဝတ်ပြုချိန်တွင် ကလေးများကို အတန်းသို့ပို့ဆောင်ကြသည်။ ၎င်းနှင့်စပ်လျဉ်း၍ ဆရာတစ်ပါးက "လူကြီးများက ပညာလိုအပ်၍ ကလေးများက ကိုးကွယ်မှုလိုအပ်သည်" ဟူ၍ အလှည့် အပြောင်းလိုအပ်ချက်ကိုပြောဆိုခဲ့သည်။

(ခ) မဿဲ၊ ၂၁:၁၅-၁၆ ဗဟိုပြုခြင်း - ကလေးများ၏ မြူးတူးပျော်ရွှင်နေသောအသံများရှိနေသည့်တိုင် ဘုရားရှင်အား ချီးမွမ်းခြင်း၊ ဘုန်းတော်ပေးအပ်ခြင်းတို့ လွင့်ပျံ့နေရပါမည်။

### ၂။ နှုတ်ကပတ်တော်လေ့လာခြင်း။

(က) ကျမ်းစာသည်အသက်အရွယ်မရွေးအတန်းတိုင်း၏ အကောင်းဆုံးသင်ရိုးဖြစ်သည်။

(ခ) ကလေးများလည်း နှုတ်ကပတ်တော်ခံယူခွင့်ရရှိသင့်သည်။ နှုတ်ကပတ်တော်အတိုင်း ပြုမူလုပ်ဆောင်စေ၍၊ အသက်တာ၌ မည်သို့ကျင့်သုံးဖေါ်ဆောင်ရမည်ကို ဆွေးနွေးခြင်း။

(ဂ) ကလေးတိုင်းကျမ်းစာကိုချစ်မြတ်နိုး၍ အလေးပေးတတ်စေရန်ကူညီထောက်ပံ့ပါ။ လောကီသားတို့၏ ဘဝအမြင်များအပေါ်တွင် ကျမ်းစာအားဖြင့်မည်သို့ရှုမြင်တတ်ရမည်ကို ကောင်းစွာသွန်သင်လမ်းပြပေးပါ။

### ၃။ ကလေးများနှင့်အတူ ဆုတောင်းခြင်း။

(က) ကလေးများအတွက်သီးသန့်ဆုတောင်းပေးခြင်းမပြုပါနဲ့ - သူတို့အားရှင်းပြ၍ မည်သို့ဆုတောင်းနိုင်ကြောင်း ကျမ်းစာနှင့်အညီရှင်းလင်းပြောပြပေးပါ။

(ခ) ကလေးများသင်ယူမှု၌အထောက်အကူပြုစေမည့် ဆုတောင်းနည်းစနစ်လေးများကို အသုံးပြုပေးပါ။

(ဂ) တစ်ဦးချင်းအခြားသူများရှေ့တွင်အသံထွက်၍ ဆုတောင်းပေးခြင်းက သင်ယူမှု၏ပန်းတိုင်ဖြစ်သည်။

### ၄။ ယုံကြည်ခြင်းမျှဝေမှုပြုခြင်း။

(က) ယုံကြည်သူတိုင်းဘုရားရှင်ထိတွေ့မှု ဖြစ်စဉ်ရှိကြသည်။ ကလေးများလည်း ထို့အတူသင်ယူစေပါ။

(ခ) ကလေးများသည် မိသားစုအကြောင်းနှင့် ဖြစ်စဉ်များကိုပြောပြလိုတတ်ကြသည်။ ထို့ကြောင့်ယုံကြည်ခြင်းဖြစ်စဉ်နှင့် ဘုရားဘုန်းတော်ထင်ရှားစေမည့်အကြောင်းအရာများကို ပြောဆိုတတ်စေခြင်းဖြင့် လမ်းမှန်သို့ ပို့ဆောင် ပေးကြရန်ဖြစ်သည်။

(ဂ) ခရစ်တော်၏ဝမ်းမြောက်ဖွယ်သတင်းစကားကို မျှဝေတတ်သူများဖြစ်ရန် ကလေးများကိုသင်ယူစေပါ။ ကယ် တင်ခြင်းတရားကိုမျှဝေတတ်စေရန် သင်ယူခြင်း၌ အရွယ်ငယ်လွန်းသည်ဟူ၍မရှိပါ။

"လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုလောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည်ဖြစ်လတံ့" (မ၊ ၂၄:၁၄)။

**၅။ အခြားတပည့်တော်ဖြစ်စေခြင်းများ။**

(က) ဘဏ္ဍာစိုးကောင်း - ကလေးများအား ဆယ်ဖို့တစ်ဖို့၊ အလှူငွေနှင့် သာသနာအတွက်လိုအပ်သလို ပေးလှူတတ်စေကြရန်သွန်သင်ပေးခြင်း။

(ခ) သာသနာပြုခြင်း - သာသနာနှင့် အလျှဉ်းသင့်သောအသင်းတော်အငန်းအတာများတွင် မိဘများနှင့် အတူလိုက်ပါ စေ၍အစေခံခြင်းများပြုတတ်စေခြင်း။

(ဂ) မိတ်သဟာယ - ခရစ်တော်၌တူညီသောယုံကြည်ခြင်းကို အတူမျှဝေကြမည့် မိတ်ဆွေများကို ရရှိပိုင် ဆိုင်ရခြင်းကမည်မျှဝမ်းမြောက်စရာဖြစ်၍ အရေးကြီးကြောင်းသိမြင်နားလည်စေပါ။

## ဂ။ ကလေးများမည်သို့ သင်ယူစေမည်နည်း။

ကလေးများကို သင်ယူမှုပြုစေရာ၌ သူတို့အသက်အရွယ်နှင့်အညီ တော်လျော်စွာစီမံမှုပြုပြီး၊ သွန်သင်ပေး ခြင်း၊ လမ်းပြပေးခြင်း၊ ပြုစုပေးခြင်းများပြုကြရန် အရေးကြီးပါသည်။

**၁။** ကလေးများအရွယ်ရောက်လာသည်နှင့်အမျှ သင်ယူစရာများအတွက် အဆင်သင့်ဖြစ်စေပါသည်။ ထို့ကြောင့် ကလေးသာသနာတွင်ရှိနေသော ဆရာ/မတို့သည် ကလေးငယ်၏အသက်အရွယ်အလိုက် တော်လျော်စွာဖြင့် ညှိညွတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထောက်မခြင်းများပြု၍ သွန်သင်ပေးရန်အရေးကြီးပါသည်။

**၂။** အသက်အရွယ်အလိုက်ဖွံ့ဖြိုးလာမှုနှင့်အညီ သွန်သင်ပေးရာရာ တပည့်တော်ဖြစ်ခြင်းကိုလည်း မမေ့မလျော့ ဖြည့်စွက်သင်ကြားပေးရပါမည်။

**၃။** ကလေးများမည်သို့သင်ယူနိုင်မည်ဆိုသော အဓိကသော့ချက်များ..

**(က) ကလေးငယ်လေးများ ( ၁ - ၄ နှစ်အရွယ်)**

- အသက်တာအစပြုသည်နှင့် ယုံကြည်မှုအခြေခံအုတ်မြစ်ကိုစတင်ခြင်း။
- တစ်ကိုယ်ကောင်းဆန်ခြင်း - ထို့ကြောင့် အခြားသူများနှင့်မျှဝေတတ်ရန် အားပေးမှုပြုရမည်။
- ဘဝကိုပျော်ရွှင်စွာရှင်သန်စေရင်း အဆိုးအကောင်းနှင့် အစစ်အမှန်များကို နှုတ်ကပတ်တော်နှင့်အညီ ဦးစားပေး၍ ခွဲခြားသင်ယူသိမြင်စေခြင်း (ယေရှုအမှန်ရှိတော်မူခြင်း)။
- စူးစမ်းလိုစိတ်ပြင်းပြခြင်း - ထိုသူများအတွက် ကိုယ်တိုင်စူးစမ်းလေ့လာမှုများပြုစေပါ။
- သင်ထောက်ကူများ - ရှင်းလင်းစေရန် သင်ထောက်ကူပစ္စည်းများအသုံးပြု၍ ထောက်ပံ့ပေးပါ။
- လက်တွေ့သင်ယူစေခြင်း - နှုတ်ကပတ်တော်ဖြစ်စဉ်များကို ကိုယ်တိုင်သရုပ်ဆောင်စေခြင်း။

**(ခ) ကလေးများ ( ၅ - ၇ နှစ်အရွယ်)။**

- အသက် ၇ နှစ်ဟူသည် ယုံကြည်မှုအုတ်မြစ်ချရန်ကာလဖြစ်ပြီး သူတို့စိတ်နှလုံးထဲသို့ စိုက်ပျိုးသမျှသည် နောက်ဆုံးအချိန်ထိတိုင်အောင် တည်မြဲနေလျက်ရှိတတ်ကြပါသည်။
- သူတို့သည် ဂုဏ်ပြုချီးမြောက်မှုကိုခံစားလိုကြသည် - ထို့ကြောင့်ချီးမြောက်မှုများပြုပါ။
- မိမိကိုယ်ကိုဗဟိုပြုလိုစိတ်ရှိသည် - ထို့ကြောင့်အခြားသူများကိုလည်းရှုမြင်တတ်ရန်သွန်သင်ပေးပါ။ ဘုရားမေတ္တာတော်သည် အားလုံးအတွက်ဖြစ်သည်။
- အာရုံစူးစိုက်မှု - ၅ - ၇ မိနစ်မျှသာရှိတတ်ပြီးနောက် အခြားသို့အာရုံပြောင်းလေ့ရှိတတ်ကြသည်။
- လက်တွေ့သာစိတ်ဝင်စားကြသည် - သွန်သင်မှုများကို လက်တွေ့ကျင့်သုံးစေရန် သွန်သင်ပါ။

- အချိန်စွမ်းရည်ကန့်သတ်မှု -မြင်တွေ့နိုင်သော သင်ထောက်ကူများဖြင့် ရိုးရှင်းစွာ သွန်သင်ပါ။
- အမြဲအောင်နိုင်လိုစိတ် - အမြဲအောင်လိုစိတ်ရှိသောကြောင့် လူတိုင်းခရစ်တော်အဖို့ အောင်နိုင်သူဖြစ်ကြောင်းသိမြင်နိုင်စေမည့် ကျမ်းစာအစေခံကစားနည်းများဖြင့် ကစားစေပါ။

**(ဂ) လူငယ်လေးများ ( ၈ - ၁၁ နှစ်အရွယ်)။**

- ပိုမိုအာရုံစူးစိုက်နိုင်ခြင်း - သွန်သင်မှုကို ကောင်းစွာခံယူနိုင်ကြသည်။
- မိမိတက်လမ်းများအတွက် ပိုမိုစဉ်းစားနိုင်ကြသည်။
- ဦးဆောင်မှုစွမ်းရည် - လူငယ်မိတ်သဟာယများတွင် ဦးဆောင်၊ ဆုတောင်းခြင်းတို့ စတင်နိုင်ခြင်း။
- အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂါတ်ကိုရှုမြင်တတ် - ထို့ကြောင့် ကျမ်းစာကာလများကိုသွန်သင်ပါ။
- သင်္ကေတများနားလည်ခြင်း - ဥမာတော်နှင့် ကျမ်းစာသွန်သင်မှုကိုဖေါ်ဆောင်၍ ဆွေးနွေးမှုပြုပါ။

**(ဃ) သင်ခန်းစာများကို အသက်အရွယ်၊ ဉာဏ်ရည်အလိုက် ယုံကြည်ခြင်းဖြင့်မွမ်းမံသင်ကြားပေးခြင်း။**

**ဥပမာအားဖြင့်...**

၁။ မူကြို ၅ နှစ် - ပဌနာတော်ကိုအလွတ်ကျက်မှတ်စေခြင်း။
၂။ ပထမတန်း ၆ နှစ် - ပညတ်တော်ဆယ်ပါးကို သင်ယူစေခြင်း။
၃။ ဒုတိယတန်း ၇ နှစ် - တမန်တော်ယုံကြည်ချက်များ ကျက်မှတ်စေခြင်း။
၄။ တတိယတန်း ၈ နှစ် - ဓမ္မသစ်ကျမ်းအမည်များ အစဉ်လိုက်ကျက်မှတ်စေခြင်း။
၅။ စတုတ္ထတန်း ၉ နှစ် - ဓမ္မဟောင်းကျမ်းအမည်များကို အစဉ်လိုက်ကျက်မှတ်စေခြင်း။
၆။ ပဥ္စမတန်း ၁၀ နှစ် - နှုတ်ကပတ်တော်အချိန်ကာလများကို လေ့လာခြင်း။

**"အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်ကို ငယ်သောအရွယ်မှစ၍ သွန်သင်တော်မူပါပြီ။ ယခုတိုင်အောင် အံ့ဘွယ်သော အမှုတော်တို့ကို အကျွန်ုပ်ပြပါပြီ။
တဖန်တုံ အိုဘုရားသခင်၊ အကျွန်ုပ်အသက်ကြီး၍ ဆံပင်ဖြူသည်ကာလတိုင်အောင်၊
ယခုလူများတို့အား ကိုယ်တော်၏ အစွမ်းသတ္တိကိုငင်း၊ နောက်ဖြစ်လတံ့သော သူအပေါင်းတို့အား တန်ခိုးတော်ကိုငင်း၊
အကျွန်ုပ်မပြမီတွင်၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်"**
**(ဆာလံ၊ ၇၁:၁၇-၁၈)**

| |
|---|
| သတိပြုရန် - ကလေးသူငယ်များအတွက် သင်ကြားမှုဆိုင်ရာ စာအုပ်စာတမ်းများကို FaithLife Ministries တွင် ရယူနိုင်ပါသည်။ နည်းပညာပိုင်းဆိုင်ရာ အင်္ဂလိပ်စာအုပ်ကော်ပီများကိုလည်း အောက်ပါ **www.faithlifeministries.net** ဆိုဒ်တွင်တောင်းခံရယူနိုင်ပါသည်။ |

# ကလေးများ တပည့်တော်ဖြစ်စေခြင်း လေ့ကျင့်ခန်း

တပည့်တော်ဖြစ်ခြင်းဆိုင်ရာဇယားကို သင့်အသင်းတော်အခြေအနေနှင့်ကိုက်ညီစွာပြင်ဆင်ပါ။ ဖော်ပြပါတိုင်း သွန်သင်မှုများနှင့် တပည့်တော်ပြုစုပျိုးထောင်ခြင်းများကို သင့်လျော်သလိုရွေးချယ်နိုင်သည်။ အသက်အရွယ်၊ အတန်း အလိုက်စာရွက်ကိုလည်း သီးသန့်အသုံးပြုနိုင်ပါသည်။

**ကလေးများတပည့်တော်ဖြစ်စေခြင်းဆိုင်ရာ စီမံကိန်း**

**ကလေးများအသက်အရွယ်/ကျောင်းရှိအတန်းလိုက်သတ်မှတ်ခြင်း**

| **တပည့်တော်ဖြစ်ရေး ပန်းတိုင်** | | | | | | |
|---|---|---|---|---|---|---|
| ကိုးကွယ်ခြင်း | | | | | | |
| ကျမ်းစာလေ့လာခြင်း | | | | | | |
| ဆုတောင်းခြင်း | | | | | | |
| သက်သေခံဝေမျှခြင်း | | | | | | |
| ____________ | | | | | | |
| ____________ | | | | | | |
| ____________ | | | | | | |

# အခန်း ၆

# လူငယ်များ တပည့်တော်ဖြစ်စေခြင်း

**"သင်တို့အကြောင်းအရာများကို ငါသိ၍ စိတ်သက်သာခြင်းငှါ၊
တိမောသေကို သင်တို့ရှိရာသို့ မများ မကြာ စေလွှတ်မည်အကြောင်း၊ သခင်ယေရှုခရစ်၌ ငါမြော်လင့်ခြင်းရှိ၏။
အကြောင်းမူကား၊ ထိုသူသည် သင်တို့အကျိုးကို ကြည့်ရှုချင်သော စေတနာစိတ်ရှိသကဲ့သို့
စိတ်သဘောတူ သော သူတယောက်မျှ ငါတို့၌မရှိ။
လူခပ်သိမ်းတို့သည် ယေရှုခရစ်၏အကျိုးကို မရှာ၊ ကိုယ်အကျိုးကိုသာ ရှာကြ၏။
သို့သော်လည်း သားသည်အဘနှင့်အတူ ဆောင်ရွက်သကဲ့သို့၊ သူသည်ငါနှင့်အတူ ဧဝံဂေလိတရားအမှုကို
အမှန်ဆောင်ရွက်သည်ဟု သူပြသောသက်သေကို သင်တို့ သိကြ၏"
(ဖိ၊ ၂း၁၉-၂၂)**

၁ တိ၊ ၄း၁၂ အရ "သင်၏ အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေနှင့်" တိမောသေသည် လူငယ်လေးတစ်ဦးသာဖြစ်သည်။ ထိုလူငယ်လေးကို ရှင်ပေါလုက သူ့ရင်ခွင်သို့ခေါ်သွင်းပြီး နှုတ်ကပတ်တော်သင်ပေးခြင်း၊ ယုံကြည်ခြင်းအရာ၌ပြုစုပျိုးထောင်ခြင်းများပြုပေးသည်။ လူငယ်များသည်အရွယ်ရလာပြီဖြစ်သောကြောင့် အသက်အရွယ်ရလာသည်နှင့်အတူ မကြာမကြာသွန်သင်ဆုံးမမှုများနှင့်အတူ စနစ်တကျပြုစုဖို့လိုပါသည်။ ကလေးသာသနာ (၁၂ နှစ်မစတင်ပြီး) တွင်အထူးအလေးပေးသင်ကြားခြင်းအားဖြင့် အသက်ထက်ဆုံးထိနိုင်အောင် တည်ကြည်ခိုင်ခန့်သောအဖြစ်ကိုရရှိနိုင်ပါသည်။

**က။ ထိရောက်သော ကလေးသာသနာ။**

**၁။ ကလေးသာသနာ မဟုတ်သောအရာများမှာ..**

(က) ဖျော်ဖြေရေးသက်သက်။

(ခ) စင်တင်ရှိုးသီးသန့်။

(ဂ) စားသောက်ပွဲအဖြစ်။

(ဃ) လောကလမ်းစဉ်များအတိုင်း ပြုမူကြရန်မဟုတ်။

**၂။ ကလေးသာသနာဟူသည်...**

(က) ထင်ပေါ်မှုထက် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။

(ခ) အထူးသဖြင့်လမ်းစဉ်သုံးခုကို ဆောင်ရွက်ခြင်းဖြစ်သည်။

**အထက် -** ဘုရားကိုဦးထိပ်ထား၍ ကိုးစားခြင်း၊ ချီးမွမ်းခြင်းဖြင့်အတူလျှောက်လှမ်းသူဖြစ်ခြင်း။

**ဘေးဘီး -** ယုံကြည်ခြင်းကြီးထွားသကဲ့သို့ အချင်းချင်းမိတ်သဟာယတည်ဆောက်မှုပြုရန်။

**ပြင်ပ -** ခရစ်တော်၏သတင်းတရားအား လူတိုင်းကြားသိစေရန် အခွင့်အလန်းဖန်တီးမှုပြုခြင်း။

(ဂ) ကလေးသာသနာနှင့်စပ်ဆိုင်သော ပန်းတိုင် ၉ ရပ်။

(၁) ဘုရားမျက်မှောက်တော်ခံစားစေခြင်း။
(၂) ဘုရားသခင့်တည်ရှိမှုကို သိမြင်စေခြင်း။
(၃) စစ်မှန်သောသူများထံသို့ မှန်ကန်စွာချဉ်းကပ်ခြင်း။
(၄) ရည်ရွယ်ချက်၊ ပန်းတိုင်များကိုစနစ်တကျဖြင့်စီစဉ်ရေးဆွဲခြင်း။
(၅) အစီအစဉ်များကို စနစ်တကျပြုခြင်းက ပန်းတိုင်အားမျက်ချည်မပြတ်ရှိနေစေသည်။
(၆) ကောင်းမွန်စွာစီစဉ်ထားခြင်းများက ရှင်းလင်း၍ ခိုင်မြဲတည်ကြည်စေသည်။
(၇) တစ်ခါတစ်ရံ သတင်းပေးကြားသိစေ၍ မိဘများနှင့်ပူးပေါင်းပါဝင်ခြင်း။
(၈) ဦးဆောင်သောခေါင်းဆောင်များမှ ဝမ်းမြောက်စွာဖြင့်အတူပါရှိလုပ်ဆောင်စေခြင်း။
(၉) အစဉ်တစိုက်လုံ့လပြုလျက်အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ခြင်း။

## ခ။ ဆယ်ကျော်သက်အရွယ် ဖွံ့ဖြိုးမှုများပံ့ပိုးပေးခြင်း။

အသက် ၁၀ - ၁၅ နှစ်ရှိကလေးများသည် အခြားအရွယ်များထက် အပြောင်းအလဲနှင့် ဖွံ့ဖြိုးမှုများ လွန်စွာများလှသည် (ကလေးများ ကြီးထွားလာမှုမြန်သော်လည်း သူတို့ကိုယ်တိုင် သတိမပြုမိတတ်ကြ)။ ကလေးများ၏ ဖွံ့ဖြိုးမှုများစွာထဲမှ အချို့ကိုပြဆိုရလျှင်...

**၁။ ပတ်ဝန်းကျင်အရ မတူကွဲပြားမှုများနှင့် ကြီးထွားဖွံ့ဖြိုးမှု။**

(က) ပုံသေမဟုတ်သော ပြောင်းလဲလာမှုများ။
(ခ) အသက်အရွယ်၊ နေရာဒေသအလိုက် ကိုယ်ခန္ဓာပြောင်းလဲလာမှုများ။
(ဂ) လူမှုရေးနယ်ပယ်များကို သတိပြုမိလာခြင်း။
(ဃ) အခွင့်အလမ်းများကို သိမှတ်လာကြခြင်း။
(င) ကိုယ်ကျင့်တရားဆိုင်ရာ မတူကွဲပြားသောစိန်ခေါ်မှုများကို သိမြင်လာခြင်း။

**၂။ ရုပ်ဆင်းအင်္ဂါနှင့် ခန္ဓာဗေဒများ သိသာထင်ရှားလာခြင်း။**
**၃။ လူမှုရေး၌ ဝင်ဆန့်လိုလားစိတ်ရှိလာခြင်း။**
**၄။ မိဘနှစ်ပါးသည် သူတို့အတွက် ကိုယ်ကျင့်တရားနှင့် စံနမူနာပြအဖြစ်ဆက်လက်ရှိနေခြင်း။**
**၅။ အတွေးအခေါ်ပြောင်းလဲခြင်း - ကိုယ်ပိုင်အစွမ်းအစဖြင့် တွေးမြင်ကြံစတတ်လာခြင်း။**
**၆။ ပတ်ဝန်းကျင်နှင့် မီဒီယာတို့မှ သူတို့အသက်တာကို လွှမ်းမိုးနေရာယူလာခြင်း။**

## ဂ။ ကလေးများ မည်သို့သင်ယူကြသနည်း။

အသက် ၇ နှစ်အရွယ်တွင် သူတို့ပတ်ဝန်းကျင်အလိုက် (ဘုရား သို့မဟုတ် တစ်စုံတစ်ခု) ကိုအမြစ်တွယ်စေခြင်း သို့မဟုတ်စံအဖြစ် လက်ကိုင်ပြုကြပြီးဖြစ်သည်။ ကျောင်းသားလူငယ်များသာသနာသို့ ဝင်ရောက်လာချိန် (၁၂ နှစ်ခန့်) တွင် သူတို့စိတ်နှလုံးနှင့် အသက်တာကျင့်သုံးမှုတွင် ယုံကြည်မှုဆိုင်ရာများကိုတည်ဆောက်ပြီးသားဖြစ်နေသည်။ လေ့လာဆန်းစစ်မှုများအရ ကလေးသူငယ်များသည် နယ်ပယ်ငါးနေရာမှ အထက်ပါယုံကြည်မှုဆိုင်ရာများကို လေ့လာသင်ယူပြီးဖြစ်ကြောင်းဆိုကြသည်။

**၁။ "အဆင်ပြေမှု" ရှိရှိဖြင့် ထိရောက်စွာသင်ယူရန်လိုအပ်။**

စိတ်ပိုင်းဆိုင်ရာအဆင်ပြေမှုသည် လူငယ်များအဖို့ သင်ယူရာ၌ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ သူတို့ခံစားချက်ရှိသည့်အတိုင်းရှေ့ဆက်ပြီး အပြုသဘော (သို့) အပျက်သဘောစသဖြင့်သင်ယူရန် လမ်းညွှန်သွားပါလိမ့်မည်။

**၂။ လွယ်ကူစွာသင်ယူနိုင်ခြင်း။**

လူငယ်များသည် သင်ယူစရာများကိုလွယ်ကူစွာသင်ယူနိုင်ကြသည်။ သူတို့အသက်အရွယ်၊ နေရာဒေသနှင့် မကိုက်ညီသော အချက်အလက်များကိုသင်ကြားပေးပါက လူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုတံခါးပိတ်သွားနိုင်ပါသည်။

**၃။ တက်ကြွစွာသင်ယူစေခြင်း။**

လူငယ်အနေဖြင့် စုပေါင်း၍တက်ကြွစွာသင်ယူခြင်းက လွယ်ကူစွာသင်ယူမှုကို ပြုနိုင်စွမ်းကြသည်။ လက်တွေ့ဆန်သောသင်ကြား၊ သင်ယူမှုများဖြစ်ရန်အရေးကြီးပါသည်။ သူတို့လက်လှမ်းမမှီသောအချက် အလက်များဖြင့်သာ ပြုပါက လက်တွေ့မပါဝင်လာသည်သာမက သူတို့အာရုံစိုက်မှုကိုလည်း ရရှိနိုင်မည်မဟုတ်။ ပူးပေါင်းပါဝင်စေ၍ (သို့) ဆင့်ကမ်းသင်ယူခြင်းက လွန်စွာအထောက်အကူဖြစ်စေပါသည်။

**၄။ ကိုယ်ပိုင်စွမ်းရည်များဖြင့် ဖေါ်ဆောင်စေခြင်း။**

လူငယ်များအား သူတို့အစွမ်းအစများဖြင့် ကိုယ်ပိုင်လုပ်ဆောင်၍သင်ယူစေရန်လိုအပ်ပါသည်။ လက်တွေ့ကျစွာဆောင်ရွက်ခြင်းဖြင့် သူတို့အသိပညာဆိုင်ရာများကိုဆက်နွယ်၍ ဖွံ့ဖြိုးစေပါသည်။ ဆက်နွယ်စေခြင်းက အားအင်ဖြစ်စေသည်သာမက ပြည့်ဝစုံလင်သောအစွမ်းအစကိုဖြစ်စေပါသည်။ အစဉ်မပြတ်သင်ယူမှုခြင်း၊ ပြန်လည်ကျင့်သုံးခြင်းများ ပြုရန်လိုသည်။ "သုံးပါ (သို့) ဆုံးရှုံးခံလိုက်ပါ" "တတ်ပြီးပညာမလေ့လာ မကြာမရှည်ပျောက်တတ်သည်" ဟူသော စကားအတိုင်းပင်မဟုတ်ပါလား။

"သင်သည်အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုင၎်း၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း အလို၄ါ
ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍
လေ့ကျက် သည်ကိုင၎်း သိမှတ်သည်နှင့်၊
အထက်က သင်၏ နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့" (၂ တိ၊ ၃:၁၄-၁၅)။

**၅။ အထောက်အမလိုအပ်ခြင်း။**

လူငယ်များသည် သင်ယူလေ့ကျင့်ရာ၌ ကူညီထောက်ပံ့ခြင်း၊ သင်ထောက်ကူနှင့် ဦးဆောင်လမ်းပြမှုပြုပေးခြင်းများလိုအပ်မှန်းသိကြပါသည်။ သင်ကြားမှုကာလစဉ်တစ်လျောက် နည်းပေးလမ်းပြဖြင့်ပြုသင့်ပါသည်။ ထို့အတူလမ်းပြပေးသည်သာမက အားပေးစကားဆိုခြင်းနှင့် မိမိကိုယ်ကိုမိမိစိတ်ချမှုတိုးပွားလာစေရန် ပြုစုသွန်သင်ခြင်းများကလည်း အမှန်ပင်လိုအပ်ပါသည်။

"သင်၏ အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေနှင့်။ စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့။ ငါမလာမှီတိုင်အောင်၊ ကျမ်းစာကိုဘတ်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမသြဝါဒ ပေးခြင်းကို ကြိုးစား၍ ပြုလော့။ ဗျာဒိတ်တော်ကို ခံ၍၊ သင်းအုပ်များတို့သည် လက်တင်ခြင်းနှင့်တကွ၊ သင်၌အပ်ပေးသော ဆုကျေးဇူး ကို မပြုစုဘဲမနေနှင့်။ သင်၏တိုးပွါးခြင်းကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ။ ဤအရာများကို စိတ်စွဲလမ်း၍ ကြိုးစားအားထုတ်လော့။ ကိုယ်ကိုင၎်း၊ ကိုယ်ဆုံးမသြဝါဒကိုင၎်း သတိပြု၍ အမြဲတည်နေလော့။ ထိုသို့ပြုလျှင်၊ ကိုယ်ကိုင၎်း၊ နားထောင်သောသူတို့ကိုင၎်းကယ်တင်လိမ့်မည်" (၁ တိ၊ ၄:၁၂-၁၆)။

**ဃ။ ထာဝရကာလအတွက် စနစ်တကျပြုစုပျိုးထောင်ခြင်း။**

**၁။ ခရစ်ယာန်ယုံကြည်ချက်ကို အသက်တာ၌ ကျင့်သုံးမှုပြုနိုင်ရန်။**

(က) ကိုးကွယ်ခြင်း - ဘုရားသခင်အား ချီးမွမ်းခြင်း၊ သက်သေခံခြင်းဖြင့် ဝတ်ပြုခြင်း။

(ခ) ဆုတောင်းခြင်း - ခရစ်တော်နှင့်အပြန်အလှန်မိတ်သဟာယပြုခြင်း။
(ဂ) မိတ်သဟာယဖွဲ့ခြင်း - ခရစ်ယာန်မိတ်ဆွေများဖြင့်တည်ဆောက်မှုပြုခြင်း။
(ဃ) ကျမ်းစာလေ့လာခြင်း - နှုတ်ကပတ်တော်လေ့လာ၍ နေ့စဉ်ကျင့်သုံးမှုပြုခြင်း။
(င) သာသနာ၌ပါဝင်ခြင်း - ဘုရားသခင့်မေတ္တာတော်လူတိုင်းသိရှိစေရန် အစေခံခြင်း။
(စ) ဧဝံဂေလိပြုခြင်း - ကယ်တင်ခြင်းသတင်းတရားကို မယုံကြည်သူများဖြင့် မျှဝေခြင်း။

**၂။ ပြဿနာအခက်အခဲများကို ဆွေးနွေးမှုပြုခြင်း။**

**(က) အကျိုးကျေးဇူး - စာရိတ္တကောင်းနှင့် အသစ်သောလမ်းစဉ်များရရှိစေခြင်း။**

**(ခ) ဆိုးကျိုးများ - မူးယစ်ဆေး၊ လိင်မှုနှင့် အကြမ်းဖက်မှုများ။**

**(ဂ) အပြစ်တရားနှင့် စုံစမ်းခြင်းများအကြားကွဲပြားမှုကိုဖော်ပြခြင်း။**

- စုံစမ်းခြင်းသည် စာတန်မှာ ကျွန်ုပ်တို့ကိုအပြစ်ပြုရန် တံခါးလာခေါက်ခြင်း။
- အပြစ်သည် စာတန်အားတံခါးဖွင့်၍ကြိုဆိုနေရာပေးခြင်း။
- နှုတ်ကပတ်တော်ကိုအတူဖတ်ရှု၍ မျှဝေမှုပြုပါ

"လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သော လမ်းကိုလည်းစီရင်ပြုပြင်တော်မူလိမ့်မည်" (၁ ကော၊ ၁၀:၁၃)

"ထိုကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။" (ယာ၊ ၄:၇)

**(ဃ) ကောင်းသောဆုံးဖြတ်မှုကိုပြုရာ၌ အောက်ပါတို့ ပါဝင်စေပါ။**

- ကောင်းသောစီရင်မှုပြုခြင်း (ဆာ၊ ၁၁၉:၉၊ ၁၁)
- ရဲရင့်စွာပြုခြင်း (ဖိ၊ ၄:၁၃)။
- ရိုသေကျိုးနွံစွာပြုခြင်း (ရောမ၊ ၁၂:၉-၁၁)။
- မိမိစိတ်ကိုချုပ်တည်း၍ ပြုခြင်း(၁ သက်၊ ၄:၃၊ ၄)။

**၃။ ခရစ်တော်နည်းတူ ဦးဆောင်မှုပြုစေခြင်း။**

**(က) ဝိညာဉ်ကြီးထွားမှုကိုရှာဆာတော်ခြင်း** - သင်ယူ၍ အခြားယုံကြည်သူလူသစ်ကိုသင်ကြားပေးခြင်း။

**(ခ) အစေခံစိတ်ရှိခြင်း -** အကူအညီလိုအပ်နေသော နေရာနှင့် လူများကိုရှာဖွေပါ။

**(ဂ) လူတို့၏အစွမ်းအစကို တည်ဆောက်ပေးခြင်း -** ဖြစ်လာမည့်ပြဿနာကိုတားစီး၍ ငြိမ်းချမ်းမှုပြုစုသူ၊ လူတို့ ၏ ပြဿနာအခက်အခဲကို နားထောင်ပေးသူဖြစ်စေပါ။

**(ဃ) ဆုတောင်းခြင်း၊** ဝတ်ပြု ကျမ်းစာသင်ခြင်းတို့၌ ဦးဆောင်မှုပြုရန် သင်ယူပါ (လူငယ်သာသနာ)။

**(င) လူငယ်ဟူသည်** တပည့်တော်ဖြစ်လာရန် တပည့်ခံနေကြရသူများဖြစ်သည်။ မဟာစေခိုင်းချက် (မ၊ ၂၈:၁၉-၂၀) "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်.....ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့" ဟူသောစကားတော်မှာ တစ်ဦးချင်း အဖို့ဖြစ်စေပါ။

**၄။ အနာဂါတ်အသင်းတော်ခေါင်းဆောင်များကို ပြုစုပျိုးထောင်ပေးခြင်း။**

**၁။ အနာဂါတ်ခေါင်းဆောင်များသည် ယနေ့လူငယ်များပင်ဖြစ်သည်။**

**(က) ယနေ့အသင်းတော်ခေါင်းဆောင်များသည် ၁၉၅၀ မှ ၁၉၇၀ အတွင်းမွေးဖွားခဲ့ကြသူများဖြစ်သည်။**

- ဒုတိယကမ္ဘာစစ်နှင့် စစ်အေးကာလများကို သိမြင်ခံစားထားကြသူများဖြစ်သည်။
- နာခံမှု၊ တာဝန်နှင့် တာဝန်ခံယူမှုများ၏ တန်ဘိုးကိုသိရှိထားကြသည်။

**(ခ) အနာဂါတ်ခေါင်းဆောင်များမှာ ၁၉၈၀ မှ လက်ရှိကာလတွင်းမွေးဖွားကြသူများဖြစ်သည်။**

- ရုပ်ဝတ္ထု၊ နိုင်ငံရေးပျက်ပြားမှုနှင့် အကြမ်းဖက်မှုများကို သိမြင်ခံစားကြရသူများဖြစ်သည်။
- မိမိကိုယ်ကိုဗဟိုပြုခြင်း၊ အခွင့်အာဏာစိန်ခေါ်မှုနှင့် အပြစ်ဖို့ခြင်း၏ အဆိုးအကောင်းကိုသိရှိထားကြသည်။

**(ဂ) ဖြစ်တည်မှုကို မရပ်တန့်နိုင်သော်လည်း ခေါင်းဆောင်များထွက်ပေါ်လာရန် ဦးဆောင်မှုပြုနိုင်ကြပါသည်။**

**၂။ ယနေ့မနှစ်မြို့သောအရာများကို မနက်ဖြန်၌ လူငယ်များပြုပြင်ကြပါလိမ့်မည်။**

**(က) လူငယ်များသည် အပြုသဘောထက် အပျက်သဘောကို ပိုမိုလွှမ်းမိုးခြင်းခံထားကြရသည်။**

- မည်သည့်အရာကိုမနှစ်သက်မှန်းမသေချာလည်း သူတို့မနှစ်သက်သောအရာကို ကောင်းစွာသိမြင်သည်။
- သူတို့မနှစ်သက်သောအရာများကို ပြောင်းလဲလိုကြသည်။

**(ခ) မျိုးဆက်သစ်တိုင်း ယခင်မျိုးဆက်ထက် ကောင်းစေလိုကြသည်။**

- လူမှုရေးနယ်ပယ်၌ အမြဲပြုပြင်ပြောင်းလဲမှုများရှိနေခဲ့ကြသည်။
- မျိုးဆက်သစ်တိုင်း ယဉ်ကျေးမှုအတွက်မျှဝေပံ့ပိုးပြုပြင်လိုကြသည်။

**၃။ လူငယ်များအားအစဉ်အလာထက် နှုတ်ကပတ်တော်နိယာမများကို သွန်သင်ပေးပါ။**

(က) ယာယီယုံကြည်မှုထက် ထာဝရယုံကြည်မှုကို ဦးစားပေးပါ။

(ခ) အစဉ်အလာ၊ ကျင့်ထုံးများထက် နှုတ်ကပတ်တော်အလင်းဖြင့်တည့်မတ်ပေးပါ။

(ဂ) ဆုံးဖြတ်မှုတိုင်းကို မိမိအမြင်ထက် နှုတ်ကပတ်တော်ဖြင့်ချိန်ထိုးဖေါ်ဆောင်ပါ။

**အနာဂါတ်ကို ကျွန်ုပ်တို့ပြောင်းလဲလိုပါလျှင်**

**ယနေ့လူငယ်များအား ကျွန်ုပ်တို့ကောင်းစွာဦးဆောင်မှုပြု၍အစေခံပါ။**

သခင်ဘုရားအနေဖြင့် ကလေးသာသနာကို မည်မျှအလေးထားကြောင်း အစဉ်သတိပြုပါ။ ဘုရားသခင်သည် ညီရင်းအစ်ကိုများတွင် အငယ်ဆုံးဖြစ်သော ဒါဝိဒ်ကိုရွေးချယ်၍ ရှင်ဘုရင်အဖြစ်ရွေးချယ်တော်မူခဲ့ပါသည်။

**"တရံရောအခါ ကိုယ်တော်၏ သန့်ရှင်းသူတို့ကို ဗျာဒိတ်တော်အားဖြင့် မိန့်မြွက်တော်မူသည်ကား၊ အားကြီးသောသူသည် ကူမည် အကြောင်းငါခန့် ထားပြီ။ လူစုထဲက ရွေးကောက်သောသူတယောက်ကို ငါချီးမြှောက်ပြီ။ ငါ၏ကျွန် ဒါဝိဒ်ကိုငါတွေ့၍၊ သန့်ရှင်းသော ဆီနှင့်ဘိသိက်ပေးပြီ။ သူ့ဘက်မှာ ငါ့လက်သည်တည်လိမ့်မည်။ ငါ့လက်ရုံး သည် သူ့ကို မြဲမြံခိုင်ခံ့စေမည်" (ဆာ၊ ၈၉:၁၉-၂၁)။**

# လူငယ်များ တပည့်တော်ဖြစ်ခြင်း လေ့ကျင့်ခန်း

**စာရင်းပြုလုပ်ခြင်း** - အသင်းတော်ရှိလူငယ်သာသနာတွင် အထောက်အကူဖြစ်စေမည့်အရာများကိုရေးသားဖော်ပြပါ။

- ______________________________
- ______________________________
- ______________________________
- ______________________________
- ______________________________
- ______________________________

| **အကြံဉာဏ်များစုစည်းခြင်း** - လူငယ်သာသနာကြီးထွားဖွံ့ဖြိုးစေဖို့အချင်းချင်းစုပေါင်းဆောင်ရွက်ခြင်း။ |
| --- |
| |
| |
| |
| |
| |
| |
| |
| |
| |
| |
| |

# အခန်း ၇

# အမျိုးသားများ တပည့်တော်ဖြစ်စေခြင်း

**“အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံ သော လူမျိုးဖြစ်လိမ့်မည်။**
**လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။**
**အကြောင်းမူကား၊ သူသည် မိမိနောက်၌ ဖြစ်သော သားများ၊ အိမ်သူများတို့အား ပညတ်မည်အရာ ကို ငါသိ၏။**
**သူတို့သည်လည်း ထာဝရဘုရား၏ တရား လမ်းသို့ လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာ ကျင့်ကြလိမ့် မည်။**
**သို့ဖြစ်၍ ဂတိတော်ရှိသည့်အတိုင်း၊ ထာဝရ ဘုရားသည် အာဗြဟံ၌ပြုရသော အခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏”**
**(က၊ ၁၈:၁၈-၁၉)**

အစအဦးကပင်လျှင် ဘုရားသခင်သည် အိမ်ထောင်၊ အသင်းတော်နှင့် လူမှုအသိုင်းအဝန်းတို့တွင် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားကို အမျိုးသားအားပေးအပ်ခဲ့သည်။ ဧဒင်ဥယျာဉ်ဟောင်းကျမ်းရှိ ကမ္ဘာဦးကိုကြည့်လျှင်ဘုရားရှင်သည် လူသား အာဒံကို ဦးစွာဖန်ဆင်းတော်မူပြီးနောက်၊ အထောက်အမဖြစ်စေအံ့သောငှါ ဧဝကိုဖန်ဆင်းတော်မူကြောင်း ရှင်းလင်းစွာဖေါ်ပြ ထားပါသည် (က၊ ၂:၁၈)။ ဓမ္မသစ်တွင်ကြည့်ပါကလည်း မိသားစုတွင်ဦးစီးဦးဆောင်အဖြစ်ထားခဲ့ပြီး ခရစ်တော်မှ အသင်းတော် ကိုချစ်သည့်နည်းတူ ဇနီးနှင့်မိသားစုကိုချစ်မြတ်နိုးရန်မိန့်ဆိုထားသည် (ဧဖက်၊ ၅:၂၃)။ ထို့ကြောင့် ဘုရားသခင့်လမ်းစဉ်အရ အမျိုးသားသည် ခေါင်းဆောင်နေရာအတွက် ခန့်အပ်တာဝန်ပေးခြင်းခံထားရသူဖြစ်သည့် အားလျော်စွာအသင်းတော်တွင် အမျိုးသားများကိုလည်း ထိုသို့ဦးစီးဦးဆောင်မှုပြုနိုင်ရန် ကောင်းစွာသွန်သင်မှုပြု၊ သင်ကြားမှု ပြုပေးရန်အရေးကြီးလှပါသည်။ သားသမီးများကို တပည့်တော်ဖြစ်စေခြင်းအဖို့ ဖခင်သည်တာဝန်ရှိပါသည်။ ထို့ကြောင့် တပည့်တော်ဖြစ်ရေးတွင် အမျိုးသားများအား ဦးစွာတပည့်တော်ဖြစ်စေဖို့မဖြစ်မနေရှိရပါမည်။ များစွာသောအမျိုးသားတို့ သည် မိသားစုထောက်ပံ့ နိုင်မှုအတွက်ဆိုသောအကြောင်းတရားများကြောင့် အသင်းတော်အစီအစဉ်များတွင် ပျက်ကွက် လေ့ရှိတတ်ကြသည်။ ကိုယ်ကာယနှင့်စပ်ဆိုင်သော မိသားစုအရေးသည် အရေးကြီးလှသကဲ့သို့ ဝိညာဉ်ရေးနှင့်စပ်ဆိုင်မှု ရှိနေသော အမျိုးသား များ၏ဦးဆောင်မှုသည် ပို၍ပင်အရေးကြီးလှပါသည်။ ထို့အတွက်ကြောင့် ယခုသင်ခန်းစာကို ပြင်ဆင်ထားရခြင်းဖြစ်သည်။

### က။ ဘုရားအကြံတော်ရှိသော အမျိုးသားများ။

**၁။ ဦးစီးဦးဆောင်မှုပြုရန်။**

“အကြောင်းမူကား၊ ခရစ်တော်သည် အသင်းတော်၏ အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့၊ ယောက်ျားသည် မိမိ ခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏” (ဧဖက်၊ ၅:၂၃)။

(က) မိသားစု။

(ခ) အသင်းတော်။

(ဂ) တိုင်းနိုင်ငံ။

(ဃ) ကမ္ဘာ့အနှံ့။

**၂။ ကျွေးမွေးထောက်ပံ့မှုပြုရန်။**

"ယောက်ျားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏ စကားကို နားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံး ပင်ပန်းစွာ စားရမည်" (က၊ ၃:၁၇)။

(က) အလုပ်လုပ်ခြင်း။

(ခ) မိသားစုလိုအပ်မှုကိုဖြည့်ဆည်းထောက်ပံ့မှုပြုရန်။

**၃။ သွန်သင်ဆုံးမမှုပြုရန်။**

"အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမ သွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြလော့" (ဧဖက်၊ ၆:၄)။

(က) အသိပညာဆင့်ကမ်းပေးခြင်း။

(ခ) ယုံကြည်ခြင်း (ဘုရား) အမွေပေးခြင်း။

## ခ။ ခရစ်ယာန်သာသနာ၌ အမျိုးသားများကိုစုစည်းရခြင်းမှာ ခက်ခဲမှုတစ်ရပ်ဖြစ်သည်။

**၁။ စာတန်သည် ခေါင်းဆောင်များကိုတိုက်ခိုက်လေ့ရှိသည်။**

"သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏" (၁ ပေ၊ ၅:၈)။

(က) အမျိုးသားတစ်ဦးကို ဟန့်တားခြင်းက အသင်းတော်ကိုဟန့်တားခြင်းဖြစ်သည်။

(ခ) အမျိုးသားတစ်ဦးကို ဟန့်တားခြင်းက မိသားစုတစ်စုကို ဟန့်တားခြင်းဖြစ်သည်။

**၂။ အမျိုးသားများသည် ကလေးများအဖို့စံပြဖြစ်သည်။**

"တပည့်တော်တို့အား တဖန်မိန့်တော်မူသည်ကား၊ မှားယွင်းစရာအကြောင်းရှိရမည်။ သို့သော်လည်း မှားယွင်းစရာ အကြောင်းကိုဖြစ်စေသောသူသည် အမင်္ဂလာရှိ၏။ ဤသူငယ်တစုံတယောက်ကို မှားယွင်းစေသည်ထက်၊ လည်ပင်း၌ ကြိတ်ဆုံကျောက်ကို ဆွဲ၍ ပင်လယ် ၌ ချခြင်းကို ခံရလျှင် အနေသာ၍ကောင်း၏" (လု၊ ၁၇:၁-၂)။

(က) ကလေးများသည် အမျိုးသားများ (သို့) ဖခင်များ၏အမူအကျင့်ကိုစံနမူနာယူလေ့ရှိကြသည်။

(ခ) အမျိုးသားများ၏ ဆိုစကားတို့သည် အတိုင်းထက်အလွန်လွှမ်းမိုးမှုရှိကြသည်။

**၃။ အမျိုးသားများသည် လူမှုအသိုင်းအဝန်း၏ စံနမူနာဖြစ်သည်။**

"ကိုယ်ကိုရင်း၊ ကိုယ်ဆုံးမသြဝါဒကိုရင်း သတိပြု၍ အမြဲတည်နေလော့။ ထိုသို့ပြုလျှင်၊ ကိုယ်ကိုရင်း၊ နားထောင်သောသူတို့ကိုရင်းကယ်တင်လိမ့်မည်" (၁ တိ၊ ၄:၁၆)။

(က) လူမှုခေါင်းဆောင်တို့၏ အပြုအမူများကို ကြည့်ရှု၍ အတုယူလေ့ရှိကြသည်။

(ခ) ဥပဒေထက် လူမှုအဖွဲ့အစည်းခွင့်ပြုချက်က မကြာမကြာအန္တရာယ်ပိုများတတ်သည်။

## ဂ။ အခက်အခဲနှင့် စိန်ခေါ်မှုများနှင့် အမျိုးသားများ။

**၁။ လွတ်လပ်စွာဖြစ်တည်သောအမျိုးသားများ။**

(က) ထိန်းချုပ်လိုခြင်း။

(ခ) ကိုယ်ပိုင်ရွေးချယ်မှုပြုလိုခြင်း။

(ဂ) ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းကိုင်တွယ်လိုခြင်း။

- အကူအညီ (သို့) လမ်းညွှန်မှုကိုမတောင်းခံလိုကြ။

- ကိုယ်တိုင်ဖြေရှင်းနိုင်မည်ဟူ၍ယုံကြည်ကြသည်။

**၂။ အမျိုးသားများမှာ အသက်မွေးလုပ်ငန်းနှင့် ဦးဆောင်မှုပြုသူဖြစ်သည်။**

(က) သူတို့ကိုယ်ပိုင်လုပ်ငန်းဖြင့် မိမိဂုဏ်အသရေကိုပိုင်ဆိုင်ထားကြသူများဖြစ်သည်။

- အလုပ်အကိုင်က သူတို့ဖြစ်တည်မှုကိုညွှန်ပြသည်။
- အလုပ်အကိုင်ဆုံးရှုံးခြင်းက သူတို့ဖြစ်တည်မှုပျောက်ဆုံးခြင်းဖြစ်သည်။

(ခ) မိသားစုထောက်ပံ့ဖို့ တာဝန်ရှိသူဟုကိုယ်တိုင်ခံယူထားကြသည်။

- ဝင်ငွေ
- အဆောက်အဦး (သို့) အကာအကွယ်

**၃။ အမျိုးသားများသည် စုံစမ်းနှောက်ယှက်မှုများစွာကြုံတွေ့ရင်ဆိုင်ကြရသည်။**

"လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သော လမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်" (၁ ကော၊ ၁၀း၁၃)။

(က) လိင်မှုရေးရာ။

- အထိအတွေ့ဆိုင်ရာလိုဘပြည့်စုံလိုမှု။

(ခ) ငွေကြေးဆိုင်ရာ။

- ရုပ်ဝတ္ထုပိုင်းဆိုင်ရာ လိုဘပြည့်စုံလိုမှု။

(ဂ) အခွင့်အာဏာဆိုင်ရာ။

- ထိန်းချုပ်ကြိုးကိုင်မှုဆိုင်ရာ လိုဘပြည့်စုံလိုမှု။

**ဃ။ အမျိုးသားများတပည့်တော်ဖြစ်စေခြင်း နည်းလမ်းများ။**

**၁။ ဆက်နွယ်မှုကို ဖန်တီးခြင်း။**

(က) လူမှုရေးဆိုင်ရာဆက်နွယ်မှု။

- ယေဘူယျစိတ်ဝင်စားမှု (ဂီတ၊ အားကစား စသော ဝါသနာများ)
- ရုပ်ဝတ္ထုပိုင်းဆိုင်ရာဆောင်ရွက်မှု (ဆောက်လုပ်ရေး၊ လုပ်ငန်းထိန်းသိမ်းရေး အစရှိသဖြင့်)

(ခ) အားကစားဆိုင်ရာဆက်နွယ်မှု။

- အသင်းအဖွဲ့ဖြင့်ပါဝင်လုပ်ဆောင်ခြင်း။
- အခန်းအနား (သို့) ပွဲလမ်းသဘင်များတက်ရောက်ခြင်း။

(ဂ) လုပ်ငန်းဆိုင်ရာဆက်နွယ်မှု။

- အသက်မွေးမှုဆိုင်ရာဆက်နွယ်ခြင်း။
- ပညာရေး (သို့) စွမ်းရည်တို့ပူးပေါင်းဆောင်ရွက်ခြင်း။

**၂။ နှုတ်ကပတ်တော်၏ အခွင့်အာဏာကိုသွန်သင်ပေးပါ။**

(က) အမျိုးသားများအား အကြံအစည်တော်ဖြင့် ခေါ်ခြင်းမှာ...

"ငါနာမဖြင့် သမုတ်သောသူ၊ ငါ၏ဘုန်းအသရေ ဘို့ ငါဖန်ဆင်းပြုပြင်၍၊ ဧကန်စင်စစ်လုပ်ပြီးသော သူအပေါင်းတို့ကို ဆောင်ခဲ့လော့ဟု ငါပြောမည်" (ဟေရှာ၊ ၄၃း၇)။

(ခ) သခင်နှစ်ဦး၏အစေကို မခံမယူနိုင်။

“အဘယ်သူမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တဦးကိုမုန်း၍ တဦးကိုချစ်မည်။ သခင်တဦးကို မှီခို၍ တဦးကိုမခန့်မညား ပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုငှင်း၊ လောကီစည်းစိမ်၏အစေကိုငှင်း မခံနိုင်ကြ” (မ၊ ၆:၂၄)။

**၃။ ရှိနေသောအခွင့်အလမ်းများဘက်စုံဖွံ့ဖြိုးစေခြင်း။**

(က) အမျိုးသားအစည်းအဝေး (လစဉ်)။

(ခ) ကျမ်းစာလေ့လာခြင်း (အပါတ်စဉ်)။

(ဂ) အမျိုးသား မွမ်းမံမှုများ (နှစ်စဉ်)။

(ဃ) အမျိုးသားအားကစားလုပ်ဆောင်မှုများ (ဂေါက်၊ တင်းနစ်၊ ဘောလုံး၊ ငါးဖမ်း စသဖြင့်)။

(င) သာသနာ့ပွဲလမ်းသဘင်များ။

- ခရစ်ယာန်အမျိုးသားသဟာယ (ဥပမာ.... အမေရိကန်ရှိ ကတိစောင့်ထိန်းသူများ)။
- လူမှုရေးအကျိုးပြုများ (ဥပမာ ..... အိမ်ဆောက်ကူညီမှု)
- ကျွေးမွေးစောင့်မခြင်း (ဥပမာ.... အိမ်ယာမဲ့များ)

(စ) အမျိုးသားလူမှုရေးပွဲသဘင်များ။

- သား/သမီးဖြင့်အတူလမ်းလျှောက်ထွက်ခြင်း။
- ဘတ်စကက်ဘော၊ ဘောလုံး၊ အားကစားပွဲများသို့တက်ရောက်ခြင်း။
- ခရစ်ယာန်ပွဲလမ်းသဘင်၊ ရုပ်ရှင်ပွဲများသွားလာခြင်း။

**၄။ အမျိုးသားတစ်ဦးချင်းကို တွေ့ဆုံခြင်း။**

(က) တစ်ဦးချင်းကိုဖိတ်ခေါ်ခြင်းပြုပါ။

- တစ်ဦးချင်းမသိသ၍ အမျိုးသားများသည် လူမှုပွဲသဘင်ဖိတ်ခေါ်မှုများသို့ မလာတတ်ကြပါ။
- ယေဘုယျဖိတ်ခေါ်မှုများအား အမျိုးသားတို့တုန့်ပြန်လေ့မရှိတတ်ကြ။

(ခ) အခြားသူများကို ဦးဆောင်နိုင်မည့်သူကိုထည့်သွင်းစဉ်းစားမှုပြုခြင်း။

- သင်သွန်သင်ပြုစုမည့်သူကို သေချာစွာစစ်ထုတ်ပါ။
- သင်နှင့်အတူသွားလာနိုင်စေရန် သေချာစွာဖိတ်ခေါ်မှုပြုပါ။

**၅။ အမျိုးသားများစိတ်ဝင်စားမည့် (သို့) ကြိုးစားလုပ်ဆောင်ရမည့်အရာကိုရွေး၍ ပွဲစီစဉ်မှုများပြုပါ။**

(က) သက်မွေးမှုပညာ။

(ခ) မိသားစု။

(ဂ) ရည်ရွယ်ချက်ပန်းတိုင်များ။

(ဃ) အောင်မြင်မှုများ။

(င) ယုံကြည်ခြင်း။

(စ) စုံစမ်းနှောက်ယှက်ခြင်း။

# အမျိုးသားများ တပည့်တော်ဖြစ်စေခြင်း လေ့ကျင့်ခန်း

၁။ သင့်အသင်းတော် (သို့) သာသနာရှိအမျိုးသားများအတွက် ပန်းတိုင်များအနည်းငယ်ဖော်ပြပါ။

၁ ________________________________

၂ ________________________________

၃ ________________________________

၄ ________________________________

၅ ________________________________

၂။ အထက်ဖော်ပြပါပန်းတိုင်ပြီးမြောက်စေမည့် လှုပ်ရှားမှုအစီအစဉ်အချို့ကိုရေးသားဖော်ပြပါ။

၁) ________________________________

၂) ________________________________

၃) ________________________________

၄) ________________________________

၅) ________________________________

၆) ________________________________

၇) ________________________________

၈) ________________________________

၉) ________________________________

၁၀) ________________________________

၃။ သင့်အသင်းတော် (သို့) သာသနာရှိအမျိုးသားများတပည့်တော်ဖြစ်ရန် ဆောင်ရွက်မည့်လမ်းစဉ်အချို့ကဘာတွေလဲ

၁) ________________________________

၂) ________________________________

၃) ________________________________

၄) ________________________________

၅) ________________________________

## အခန်း ၈

# အမျိုးသမီးများ တပည့်တော်များဖြစ်စေခြင်း

**"ထိုနည်းတူ၊ အသက်ကြီးရင့်သောမိန်းမတို့သည် ကျင့်ကြံပြုမူရာမှာ ဓမ္မအမှုနှင့် ထိုက်တန်သောသူ၊ မချောစားတတ်သောသူ၊ စပျစ်ရည်၌ မလွန်ကြူးတတ်သောသူ၊ ကောင်းသောအတတ်ကို သင်ပေးတတ်သောသူ ကိုယ်တိုင်ဖြစ်၍၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှါ၊ အသက်ပျိုသော မိန်းမတို့သည် ကိုယ်ခင်ပွန်းကို ချစ်သောသူ၊ သားသမီးကို ချစ်သောသူ၊ ဣန္ဒြေစောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကိုပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောသူဖြစ်စေခြင်းငှါ၊ အသက်ကြီးရင့်သောမိန်းမတို့သည် ဆုံးမပေးရကြမည်"**

**(တိ၊ ၂:၃-၅)**

အမျိုးသမီးများသည် အစေခံမှုတွင် ရှေ့တန်းမှရှိနေတတ်ကြသည်။ စိတ်မကောင်းစရာမှာ အသင်းတော်များစွာတွင်အမျိုးသမီးများသာလျှင်အစေခံနေသည်ကို တွေ့ကြရခြင်းဖြစ်သည် (ဥပမာ ကီးဘုဒ်၊ စန္ဒယား၊ ကလေးများ သင်ကြားပေးခြင်း၊ မုကြို၊ အစားအသောက်၊ မုကြိုနှင့် ပွဲလမ်းသဘင်တိုင်း လိုလို...)။ အထက်ပါတိတုပေးစာကို ကြည့်လျှင်လည်း ကျွန်ုပ်တို့တွေ့နိုင်သည်က အမျိုးသမီးများ ယုံကြည် ခြင်း၌ကြီးထွားစေဖို့၊ ထိုနည်းဖြင့် နှုတ်ကပတ်တော်တွင်ဆင့်ကမ်းမှုတွင်ကြီးမားစွာ အထောက်အကူ ဖြစ်စေဖို့ စသော အရေးပါမှုကိုမြင်တွေ့ကြရပါသည်။

### က။ နှုတ်ကပတ်တော်ရှိ အမျိုးသမီးဆိုင်ရာ တပည့်တော်ဖြစ်ခြင်း။

**၁။ အမျိုးသမီးများမှာအထောက်အကူပြုသူများဖြစ်သည်။**

"ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည် တယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက် အမကို သူ့ဘို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏" (က၊ ၂:၁၈)။

(က) "ကူညီထောက်မခြင်း" ဟူသောဆုကျေးဇူးဖြင့် ဖန်ဆင်းခံကြရသူများဖြစ်သည်။

(ခ) အမျိုးသမီးများသည် ထောက်မသူနှင့် လက်တွဲဖော်အဖြစ်လွန်စွာသင့်လျော်သောသူဖြစ်သည်။

**၂။ အမျိုးသမီးများမှာ ပုံသက်သေကောင်းရှိရမည်။**

"ထိုနည်းတူ၊ မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲအဘိုးထိုက်သော အဝတ်နှင့် ကိုယ်ကို မဆင်ဘဲ၊ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့်၊ လျောက်ပတ်သော အဝတ်နှင့် ၎င်း၊ ဘုရားသခင်အားရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသော မိန်းမဆင်သင့်သည်အတိုင်း ကောင်းသော အကျင့်နှင့်၎င်း၊ ကိုယ်ကို တန်ဆာဆင်စေခြင်းငှါ ငါအလိုရှိ၏။ မိန်းမသည်အုပ်စိုးခြင်းကို အစဉ်ဝန်ခံ၍ တိတ်ဆိတ်စွာသင်စေ" (၁ တိ၊ ၂:၉-၁၀)။

(က) သွင်ပြင်လက္ခဏာတွင် စံနမူနာဖြစ်ရမည်။

(ခ) အဖိုးကြီးအဝတ်အစားထက် အဖိုးထိုက်သောကိုယ်ကျင့်သီလကိုဝတ်ဆင်ခြင်း။

**၃။ အမျိုးသမီးများမှာ ခရစ်တော်နောက်လိုက်များဖြစ်ကြသည်။**

"ဂါလိလဲပြည်က ယေရှုနောက်တော်၌ အလုပ်အကျွေးလိုက်လာသော မိန်းမအများတို့သည်လည်း ထိုအရပ်၌ အဝေးကကြည့်ရှု၍ နေကြ၏" (မ၊ ၂၇:၅၅)။

(က) ခရစ်တော်နောက်လိုက်၍ လိုအပ်မှုများကို ဖြည့်ဆည်းလျက်ပြုစုလုပ်ကျွေး ကြသည်။

(ခ) သူတို့ဆုကျေးဇူးများဖြင့် သခင်ဘုရားကိုအပ်နှံအစေခံကြသည်။

(ဂ) စကားတော်ကိုနာခံ၍ ယုံကြည်ခြင်း၌ ကြီးရင့်လာကြသည်။

### ၄။ အမျိုးသမီးများမှာ ဝိညာဉ်ရေး ဦးစားပေးရန်လိုအပ်သည်။

"ယေရှုသည် တပည့်တော်တို့နှင့် ခရီးသွားကြစဉ် ရွာတရွာသို့ဝင်သော်၊ မာသအမည်ရှိသော မိန်းမတဦး သည် မိမိအိမ်၌ ကိုယ်တော်ကိုဧည့်ခံလေ၏။ ထိုမိန်းမ၌ မာရိအမည်ရှိသော ညီမတယောက်ရှိ၏။ ထိုမာရိသည် ယေရှု၏ ခြေတော်ရင်း၌ ထိုင်၍ စကားတော်ကို နားထောင်လျက်နေ၏။ မာသမူကား၊ လုပ်ကျွေးခြင်းအမှုများ၌ စိတ်ပူပန်ခြင်းရှိသဖြင့် အထံတော်သို့ချဉ်းကပ်၍၊ သခင်၊ အကျွန်ုပ်မ၏ညီမသည်၊ ကျွန်မတယောက်တည်း လုပ်ကျွေးစေခြင်းငှါ ကျွန်မပစ်ထားသည်အရာကို လျစ်လျူသော စိတ်ရှိတော် မူသလော။ သူသည် ကျွန်မကို ကူညီမည့်အကြောင်း အမိန့်တော်မူပါဟု လျှောက်သော်၊ ယေရှုက၊ မာသ၊ မာသ၊ သင်သည်များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ရှက်ခြင်းကိုခံရ၏။ လိုသော အရာတခုတည်းရှိ၏။ မာရိမူကား၊ ကောင်းသောအဘို့ကို ရွေးယူပြီ။ ထိုအဘို့ကို အဘယ်သူမျှ မနှုတ်မယူရာဟု မိန့်တော်မူ၏" (လု၊ ၁၀:၃၈-၄၂)။

(က) ခရစ်တော်သွန်သင်မှုနာယူသော မာရိသည် အခြားသူများအဖို့စံနမူနာဖြစ်ခဲ့သည်။

(ခ) အခြားသောဗာဟရများနှင့်ရှုပ်ထွေးနေခြင်းထက် စကားတော်ကို နာယူခြင်းက အကောင်းဆုံး ဖြစ်ကြောင်း ခရစ်တော်ဘုရားသွန်သင်တော်မူခဲ့သည်။

### ၅။ အမျိုးသမီးများမှာ ယုံကြည်ခြင်း၌ ရဲရင့်သူများဖြစ်ရမည်။

"ယေရှုသည် ထိုအရပ်မှထွက်၍ တုရုမြို့နှင့် ဇိဒုန်မြို့၏ ကျေးလက်သို့ကြွတော်မူလျှင်၊ ခါနာန်အမျိုး ဖြစ်သော မိန်းမတယောက်သည် ထိုနယ်စပ်မှထွက်လာ၍၊ ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကို သနားတော်မူပါ။ ကျွန်မ၏ သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်သော်လည်း စကားတခွန်းမျှ ပြန်တော်မမူ။ တပည့်တော်တို့သည်ချဉ်းကပ်၍၊ ထိုမိန်းမပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟု တောင်းလျှောက်ကြ၏။ ကိုယ်တော်ကလည်း၊ ဣသရေလအမျိုးအဝင် ပျောက်လွင့်သောသိုးများမှတပါး အခြားသောအမျိုးရှိ ရာသို့ ငါ့ကိုမစေလွှတ်ဟု မိန့်တော်မူ၏။ ထိုမိန်းမသည် ချဉ်းကပ်၍ပြပ်ဝပ်လျက် ကျွန်မကို ကယ်တော်မူပါသခင်ဟု လျှောက်ပြန်လျှင်၊ ကိုယ်တော်က၊ သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်ဟု ပြန်ပြောတော်မူ၏။ မိန်းမကလည်းမှန်ပါ၏ သခင်၊ ခွေးမည်သည်ကား မိမိသခင်၏ စားပွဲမှကျသော စားနုပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု လျှောက်ပြန် လျှင်၊ အိုမိန်းမ၊ သင်သည်ယုံကြည် အားကြီးလှပြီ။ သင့်အလိုရှိသည်အတိုင်း သင်၌ဖြစ်စေဟု မိန့်တော်မူ၏။ ထိုအချိန်မှစ၍ ထိုမိန်းမ၏သမီးသည် ကျန်းမာပကတိဖြစ်လေ၏" (မ၊ ၁၅:၂၁-၂၈)။

(က) ခါနန်အမျိုးသမီးသည် ခိုင်မာတည်ကြည်၊ နှိမ့်ချ၍ ရဲရင့်ပြီး တုန်လှုပ်ခြင်းအလျှဉ်းမရှိခဲ့။

(ခ) "အားကြီးသောယုံကြည်ခြင်း" ဟူ၍တင်စားမိန့်ဆိုခဲ့သည်မှာ ယနေ့တိုင်စံနမူနာပြဖြစ်ခဲ့သည်။

### ၆။ အမျိုးသမီးများမှာ သခင်ဘုရားကိုချစ်မြတ်နိုးကြောင်း ဖော်ထုတ်ခြင်း။

"ထိုသို့စားပွဲ၌လျောင်းတော်မူသည်ကိုထိုမြို့၌ဆိုးသောမိန်းမတယောက်သည် သိလျှင်၊ ဆီမွှေး ကျောက်ဖြူ ခွက်တလုံးကိုယူခဲ့၍၊ နောက်တော်၌ ခြေတော်အနီးမှာရပ်လျက် ငိုကြွေး၍ ခြေတော်ပေါ်သို့ မျက်ရည်ကြလျှင် မိမိဆံပင် နှင့်သုတ်လေ၏။ ခြေတော်ကိုလည်းနမ်း၍ ဆီမွှေးနှင့် လိမ်းလျက်နေလေ၏..... ထိုမိန်းမကိုလှည့်၍ ရှိမုန်အားလည်း၊ သင်သည် ဤမိန်းမကိုမြင်သလော။ သင်၏အိမ်သို့ ငါဝင်သော် သင်သည် ခြေဆေးရေကိုမပေး။ ဤမိန်းမမူကား၊ ငါ့ခြေ ပေါ်သို့ မျက်ရည်ကျ၍ မိမိဆံပင်နှင့်သုတ်လေပြီ။ သင်သည် ငါ့ကိုမနမ်း၊ သူမူကား၊ အိမ်သို့ဝင်သော အချိန်မှစ၍ ငါ့ခြေကိုနမ်းလျက်မစဲဘဲနေ၏။ သင်သည် ငါ့ခေါင်းကို ဆီနှင့်မလိမ်း။ သူမူကား၊ ငါ့ခြေကို ဆီမွှေးနှင့် လိမ်းလေပြီ။ ထိုကြောင့် ငါဆိုသည်ကား၊ သူသည် များစွာသောအပြစ်တို့နှင့်လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏။ အနည်းငယ်သော အပြစ်လွတ် သောသူသည် အနည်းငယ်မျှသာ ချစ်တတ်သည်ဟု မိန့်တော်မူ၏" (လု၊ ၇:၃၇-၃၈၊ ၄၄-၄၇)။

(က) အပြစ်ပြည့်သောအမျိုးသမီးသည် ယေရှုတင်လှူပူဇော်မှုကို တတ်စွမ်းသမျှဘိသိပ်ပြခဲ့သည်။

(ခ) အစဉ်အလာအားဖြင့် ဦးခေါင်းကိုဘိသိပ်ပေးမှုသည် သာမန်ဆီသာအသုံးပြုကြသည်။

(ဂ) ခရစ်တော်အတွက်စိတ်အားကြီးမှုသည် ပွင့်လင်း၍၊ ထင်သာမြင်သာရှိခဲ့သည်။

(ဃ) ထိုအမျိုးသမီး၏ ခိုင်မြဲစစ်မှန်သောယုံကြည်မှုကို ခရစ်တော်အသုံးပြုမိန့်တော်မူခဲ့သည်။

**၇။ အမျိုးသမီးများမှာ ခေါင်းဆောင်များဖြစ်ကြသည်။**

"ထိုအခါ နီမောင်သောအထည်အလိပ်ကို ရောင်းသော သွာတိုရဲမြို့သူ လုဒိအမည်ရှိသော မိန်းမ တယောက်သည် ဘုရားသခင်ကို ကိုးကွယ်သောသူဖြစ်၍၊ တရားနာစဉ်တွင် ပေါလုဟောပြောသော အရာကို မှိဝဲဆည်းကပ်စေခြင်းငှါ သူ၏စိတ်နှလုံးကို သခင်ဘုရားဖွင့်တော်မူ၏။ ထိုမိန်းမသည် အိမ်သူအိမ်သား တို့နှင့်တကွ ဗတ္တိဇံကိုခံပြီးမှ၊ ကျွန်မသည် သခင်ဘုရား၌ အမှန် ယုံကြည်သည်ကို သင်တို့သည် ထင်မှတ်လျှင်၊ ကျွန်မအိမ်သို့ ဝင်၍ နေကြပါဟု တောင်းပန်လျက် ငါတို့ကို အနိုင် သွေးဆောင်လေ၏... ထိုအခါ ပေါလုနှင့် သိလတို့သည် ထောင်မှထွက်၍ လုဒိအိမ်သို့ ဝင်သဖြင့်၊ ညီအစ်ကိုများကို တွေ့မြင်၍ သက်သာစေပြီးမှ ထွက်သွားကြ၏" (တမန်၊ ၁၆:၁၄-၁၅၊ ၄၀)။

(က) မိသားစု၌ ဦးဆောင်မှုပြသူများဖြစ်နိုင်သည်။

(ခ) ယုံကြည်ခြင်း၌ ဦးဆောင်မှုပြသူများဖြစ်နိုင်သည်။

**၈။ အမျိုးသမီးများမှာ စာရိတ္တကောင်းရှိသူများဖြစ်ခြင်း (သု၊ ၃၁:၁၀-၃၁)။**

(က) စာရိတ္တကောင်းခြင်းက ကောင်းမြတ်ခြင်းများစွာယူဆောင်လာပေးသည်။

(ခ) စိတ်အားထက်သန်မှု၊ ကြိုးစားရှာဖွေမှုနှင့် ရင်းနှီးမြုပ်နှံမှုများပြခဲ့သည်။

(ဂ) မရှိဆင်းရဲသားနှင့် လိုအပ်သူကိုဖေးကူ၍ ခွန်အားနှင့်တည်ကြည်မှုကိုပြသခဲ့သည်။

(ဃ) ပညာနှင့်ပြည့်စုံ၍ ကောင်းစွာခွဲဝေမှုပြုနိုင်သည်။

(င) သခင်ဘုရားကိုလေးစားသမှုရှိသလို မိသားစုမှလည်းသူ့အားလေးစားသမှုရှိကြသည်။

## ခ။ တပည့်တော်အမျိုးသမီးများအတွက် ရင်ဆိုင်ရသောစိန်ခေါ်မှုနှင့် အခက်အခဲများ။

၁။ တစ်သီးပုဂ္ဂလထက် အမှီသကဲပြုလိုသူဖြစ်နိုင်သည်။

၂။ သားသမီးပြုစုရသူဖြစ်၍ သားသမီးတို့အသက်တာနဲ့ ပညာရေးဖြည့်ဆည်းသူဖြစ်နိုင်သည်။

၃။ လူမှုရေးများတွင် ခံစား၊ တတ်သိ၊ နားလည်လွယ်၍ ပိုမိုထင်သာမြင်သာရှိနိုင်သည်။

၄။ ယဉ်ကျေးမှုနှင့်ဆိုင်၍ ခက်ခဲမှုကြုံရနိုင်သည် (အလှအပ၊ အသွင်အပြင်၊ ပိန်ခြင်း၊ ဝခြင်း...စသဖြင့်)။

၅။ မိသားစု၊ အိမ်ထောင်နှင့် လုပ်ငန်းခွင့်ညီမျှရမည်။ ဝင်ငွေ၊ မိသားစု၊ ကျန်းမာရေးနှင့် စီမံခန့်ခွဲမှုများ။

၆။ အတင်းအဖျင်း၊ မနာလိုခြင်း၊ ပရိယာယ်နှင့် စီရင်မှုများတွင်အပြစ်ကြုံရနိုင်သည်။

၇။ ကိုယ်တွေ့ကြုံသောသာသနာနှင့် အခက်အခဲများကို အသေးစိတ်ကြည့်ရှုနိုင်သူများ ဖြစ်ကြ သည်။

## ဂ။ အမျိုးသမီးတပည့်တော်ဖြစ်ခြင်းဆိုင်ရာ အဓိကနယ်ပယ်များ။

၁။ နှုတ်ကပတ်တော်သင်ကြားလေ့လာခြင်း။

၂။ သာသနာ့မိတ်သဟာယများ။

၃။ ဆုတောင်းအဖွဲ့များ။

၄။ စေတနာ့ဝန်ထမ်းအစေခံခြင်းများ။

၅။ အမျိုးသမီးအထူးအဖွဲ့များ (အမျိုးသမီးများအထူးသီးသန့်အမှုများ)။

၆။ ဆင့်ကမ်းသွန်သင်ပြုစုခြင်းများ (အမျိုးသမီးများမှ အခြားအမျိုးသမီးများသို့)။

၇။ ဧဝံဂေလိဝေငှခြင်း - ခရစ်တော်အကြောင်းအခြားအမျိုးသမီးများကိုဝေမျှခြင်း။

**ဃ။ အမျိုးသမီးသာသနာအချို့။**

**၁။ ဖေါ်ဆောင်နေသောအစုအဖွဲ့များ။**

(က) လုပ်ငန်းရှင်မိခင်များ - အလုပ်နှင့်ယှဥ်တွဲနေသောမိခင်များ။

(ခ) ရွှေ့ပြောင်းမိခင်များ- ကလေးများနှင့်အိုးမကွာရှိနေကြရသေးသူများ။

(ဂ) ကမ်းလင့်လက်များ - အသင်းတော် (သို့) အသိုင်းအဝန်းရှိ လိုအပ်နေသူများကို အစေခံခြင်း။

(ဃ) မုဆိုးမ (သို့) တစ်ခုလပ်မိခင်များအစုအဖွဲ့။

(င) ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ - နာမကျန်းသူ (သို့) မိသားစုဆုံးရှုံးနေကြရသူများ။

(စ) ဓမ္မဂီတဆိုင်ရာအဖွဲ့များ (ဂီတ၊ ပြဇာတ် အစရှိသဖြင့်)။

**၂။ သာသနာ့အငန်းအတာများ။**

(က) မိခင်/အမျိုးသမီးများ ညစာ (သို့) မိတ်သဟာယများ။

(ခ) အားလပ်ရက် (သို့) မွမ်းမံသင်တန်း/ခရီးစဥ်များ။

(ဂ) ဝိညာဥ်ဆုကျေးဇူးများကို ဖေါ်ထုတ်လေ့လာခြင်း။

(ဃ) အထူးနေ့များရှိ မိတ်သဟာယအစီအစဥ်များ။

(င) အားကစားအစီအစဥ်များ - ပါဝင်ခြင်း (သို့) အားပေးကြည့်ရှုခြင်း။

**င။ အမျိုးသမီးသာသနာ့အစီအစဥ်များ ပြုစုပျိုးထောင်ကြီးထွားစေခြင်း။**

၁။ လူထုဗဟိုပြုခြင်း - အခြားသူများကို ဂရုစိုက်စောင့်ရှောက်ခြင်း။

၂။ နှုတ်ကပတ်တော်ဗဟိုပြုခြင်း - ကျမ်းစာသင်ကြားခြင်းများ။

၃။ ဆုတောင်းသူရဲကောင်းများ - အစဥ်မပြတ်ဆုတောင်းအစီအစဥ်များ။

၄။ ဧဝံဂေလိပြုခြင်း - မယုံကြည်သူများအား ဦးထိပ်ထားခြင်း။

၅။ မျိုးဆက်သစ်အမျိုးသမီးများအပေါ်တွင် ဆင့်ကမ်းဦးဆောင်မှုပြုခြင်း။

၆။ လိုအပ်နေသူများကို အစေခံခြင်း။

၇။ ကယ်တင်ရှင်အားချီးမြောက်မှုပြုခြင်း။

၈။ ဓမ္မဆရာများအား ပံ့ပိုးပေးခြင်း။

၉။ ယုံကြည်ခြင်း၌ ကြီးထွားခြင်း။

၁၀။ ဝိညာဥ်တော်တန်ခိုးကိုခံစားခြင်း - အမျိုးသမီးများအသက်တာပြောင်းလဲမှုဖြစ်စေခြင်းများ။

**"သီလနှင့်ပြည့်စုံသော မိန်မကိုအဘယ်သူတွေ့ရ သနည်း။ ထိုသို့သောမိန်းမသည် ပတ္တမြားထက် အဘိုးသာ၍ ထိုက်ပေ၏..... ထိုသို့သော မိန်းမကျင့်ရာ အကျိုးကိုပေးလော့။ သူပြုသောအမှုသည် မြို့တံခါးတို့၌ သူ၏ အသရေကို ထင်ရှားစေသတည်း"**

**(သု၊ ၃၁:၁၀၊ ၃၀)။**

# အမျိုးသမီးများ တပည့်တော်များဖြစ်စေခြင်း လေ့ကျင့်ခန်း

အောက်ပါမေးခွန်း (သို့) ဖော်ပြချက်ကိုဖြေဆိုပြီး အမျိုးသမီးသာသနာအတွက်မှတ်စု (သို့) အစီအစဉ်ကို ရေးချပါ။ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဆွေးနွေးမှုပြုပါ။

၁။ သင့်အသင်းတော်ရှိအမျိုးသမီးသာသနာအင်န်းအတာများကို တိုးတက်ဖွံ့ဖြိုးစေခြင်း။

၂။အမျိုးသမီးတပည့်တော်ဖြစ်ခြင်းနှင့် ဝိညာဉ်ရေးကြီးရင့်မှုအတွက် မည်သို့သောပန်းတိုင်များထားရှိပါသနည်း။

၃။သင့်အသင်းတော်တွင် အစပြုနိုင်မည့် အစီအစဉ် (သို့) သင်တန်းအတွက် ဖြစ်နိုင်ခြေနှစ်ခုကိုဖော်ပြပါ။ ထို့အတွက် ဦးဆောင်မှုပြုနိုင်ပြီး ကူညီနိုင်မည့်သူများကို ပန်းတိုင်တစ်ခုချင်း၏ ရည်ရွယ်ချက်ကိုဖော်ပြပေးပါ။

# အပိုင်း ၃

# အသင်းတော်တွင်း တပည့်တော်ဖြစ်ခြင်း



# အခန်း ၉

## <u>တပည့်တော်ဖြစ်ခြင်းအစီအစဉ်</u>

**"ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌ အပ် လော့။**
**သို့ပြုလျှင် သင်၏အကြံအစည်တို့သည် တည်ကြ လိမ့်မည်"**
**(သု၊ ၁၆:၃)။**

"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်" (မ၊ ၂၈:၁၉) ဟူသော မဟာစေခိုင်းချက်ကို တပည့်တော်တို့အား ခရစ်တော်ပေးအပ်တော်မူခဲ့သည်။ ထိုအမိန့်တော်သည် ယနေ့ကျွန်ုပ်တို့ကာလအတွက်လည်း အကျုံးဝင်ပါသည်။ ထို့အတွက်ကြောင့်လည်း အသင်းတော်တည်ရှိနေရခြင်းဖြစ်သည်။ တပည့်တော်ဖြစ်ခြင်းသည် အသင်းတော်၏အဓိက ပန်းတိုင်တစ်ခုဖြစ်လျှင် အသင်းတော်အနေဖြင့် ထိုပန်းတိုင်ပြီးပြည့်စုံစေရန်မည်သို့လုပ်ဆောင်ရ မည်ဟူသောပန်းတိုင်ထားရှိရန် အရေးကြီးလှပါသည်။ မကြာမကြာအသင်းတော်များသည် တပည့်တော်များစေမည်ဟူ သောအထင်ဖြင့် ကောင်းနိုးရာရာများကိုပြုကြသော်လည်း စနစ်တကျဖြင့်စီစဉ်မှုများပြုလုပ်လေ့မရှိကြ။ ထို့ကြောင့် လည်းမည်သို့ရှိသည်ဟူသော တိုးတက်မှုလမ်းစဉ်ကိုမသိမမြင်နိုင်ဖြစ်ပြီး အကျိုးရလာဒ်ကောင်းကိုလည်း မမြင်တွေ့ကြ ရခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် တပည့်တော်ဖြစ်ခြင်းနှင့်စပ်ဆိုင်ပြီး မည်မျှအတိုင်းအတာရှိသည်၊ မည်သို့တုန့်ပြန်မှု ရှိသည်ဟသောအတိမ်အနက်နှင့် ခရီးပေါက်ရောက်မှုကို မြင်တွေ့တိုင်းတာနိုင်မည်ဖြစ်သည်။ ပန်းတိုင်၊ စီမံကိန်းနှင့် ရေတို၊ ရေရှည်မထားရှိပါလျှင် မည်မျှ (သို့) မည်သည့်အတိုင်းအတာထိ ပေါက်ရောက်ပြီဟူ၍ ပြောပြရန်မဖြစ်နိုင်။

**က။ တပည့်တော်ဖြစ်ခြင်းမှာ အသင်းတော်၏ ပန်းတိုင်ဖြစ်သည်။**

**၁။ ခရစ်တော်က "သွား၍ တပည့်တော်ဖြစ်စေ" မိန့်တော်မူခဲ့သည်။**

(က) ထိုထက်အရေးကြီးမှုမရှိ။

(ခ) ခရစ်တော်လည်း ထို့အတွက်သာသနာ့အမှုကိုကုန်လွန်စေခဲ့သ်ည။

**၂။ တပည့်တော်ဖြစ်ခြင်းသည် ရေရှည်ကြီးရင့်မှုဖြစ်သည်။**

(က) ထို့အတွက်ခြေလှမ်းများစွာရှိနေသည်။

(ခ) ထို့အတွက်အချိန်ပေးရမည်။

(ဂ) တစ်ဦးချင်းနှင့်သက်ဆိုင်သည်။

(ဃ) ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။

**၃။ အသင်းတော်တိုင်း တပည့်တော်ဖြစ်ခြင်း အစီအစဉ်ရှိရမည်။**

(က) တိုးတက်မှုဖြင့်လူတိုင်း ချီတက်နေစေရမည်။

(ခ) အကျိုးရလာဒ်ကိုတိုင်းတာမှုပြုနိုင်ရမည်။

(ဂ) ရည်ရွယ်ချက်ပန်းတိုင်အပြည့်ရှိရမည်။

(ဃ) "စီမံမှုမဲ့ခြင်းက ကျဆုံးရန်စီမံခြင်းမည်ပေသည်" – Dr. Robert Schuller။

**၄။ တပည့်တော်ဖြစ်ခြင်းမှာ ကိုယ်တိုင်စောင့်ထိန်းခြင်းဖြစ်သည်။**

(က) တပည့်တော်မှ တပည့်တော်များကို မွေးထုတ်ပေးသည်။

(ခ) အခြားသူကို ဆင့်ကမ်းမှုမပြုသေးသမျှ တပည့်တော်ဖြစ်ခြင်းစုံလင်သည်ဟုမဆိုသာ။

## ခ။ တပည့်တော်ဖြစ်ခြင်း၏ အမှတ်လက္ခဏာများ။

တပည့်တော်ဟူသည် မည်သို့သောလက္ခဏာရှိပါသနည်း။ ထို့အတွက်အောက်တွင် အမှတ်လက္ခဏာ (၇) ချက်ကိုဖော်ပြထားပါသည်။

**၁။ ကိုးကွယ်ခြင်း။**

"ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့" (မ၊ ၂၂:၃၇)။

(က) တပည့်တော်သည် ဘုရားသခင့်အုပ်စိုးမှုအာဏာစက်ကိုသိမှတ်ထားသည်။

(ခ) တပည့်တော်သည် ဘုရားဘုန်းတော်အစဉ်ရှေ့ရှုသည်။

(ဂ) တပည့်တော်သည် အစဉ်အမြဲကိုးကွယ်မှု၌ ပါဝင်တက်ရောက်သည်။

**၂။ နှုတ်ကပတ်တော်လေ့လာသင်ယူခြင်း။**

"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည် အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏" (၂ တိ၊ ၃:၁၆-၁၇)။

(က) တပည့်တော်သည် ဘုရားလမ်းစဉ်ကို အမြဲသင်ယူသည်။

(ခ) တပည့်တော်သည် ဘုရားသခင့်အထံတော်မှ ပညာကိုအမြဲရှာဖွေတောင်းခံသည်။

(ဂ) တပည့်တော်သည် ဘဝအဖြေကို ဘုရားစကားတော်၌ရှာဖွေသည်။

**၃။ ဆုတောင်းခြင်း။**

"အစဉ်မပြတ်ဆုတောင်းပဌနာပြုကြလော့" - ၁ သက်၊ ၅:၁၇။

(က) တပည့်တော်သည် ဘုရားနှင့်အမြဲမိတ်သဟာယရှိသည်။

(ခ) တပည့်တော်သည် သန့်ရှင်းဝိညာဉ်တော်အားဖြင့် ရှင်သန်သည်။

(ဂ) တပည့်တော်သည် အသက်တာ၌ ဘုရားအလိုတော်ကိုဦးစားပေးရှာကြံသည်။

**၄။ အစေခံခြင်း။**

"ထိုကြောင့် ငါချစ်သောညီအစ်ကိုတို့၊ သင်တို့သည် သခင်ဘုရား၏အမှုတော်ကို ဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့် ပြည့်စုံ၍၊ မရွေ့လျော့ မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏ အမှုတော်ကို ကြိုးစားအားထုတ်ကြလော့" (၁ ကော၊ ၁၅:၅၈)။

(က) တပည့်တော်သည် ခရစ်တော်ကိုယ်ခန္ဓာတော်ကိုတည်ဆောက်အစေခံသည်။

(ခ) တပည့်တော်သည် အခြားသူများအား အစေခံနိုင်မည့်လမ်းစကိုရှာဖွေသည်။

(ဂ) တပည့်တော်သည် ခရစ်တော်၏ခြေတော်ရာကိုလိုက်လျှောက်သည်။

**၅။ သာသနာနှင့် သက်သေခံခြင်း။**

"ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့ သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေ ဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏" (တမန်၊ ၁:၈)။

(က) တပည့်တော်သည် ဘုရားပြုသောအမှုများကို အခြားသူအားကြားပြောသည်။

(ခ) တပည့်တော်သည် ဘုရားသခင်စေလိုရာကိုသွားသည်။

(ဂ) တပည့်တော်သည် အခြားသူများအား တပည့်တော်ဖြစ်စေရန်အစေခံမှုပြုသည်။

**၆။ ယုံကြည်ခြင်း။**

"အစဉ် ရဲရင့်သောစိတ်ရှိကြ၏။ မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်အတိုင်း၊ ငါတို့ သည် ကျင့်ဆောင်ပြုမူသည်" (၂ ကော၊ ၅:၇)။

(က) တပည့်တော်သည် ယုံကြည်ခြင်းဖြင့်အသက်ရှင်သည်။

(ခ) တပည့်တော်သည် ဘုရားကိုကိုးစားခိုလှုံသည်။

(ဂ) တပည့်တော်သည် ခက်ခဲချိန်၌ပင်လျှင် ယုံကြည်မှုမြဲမြံစွာဆုပ်ကိုင်ထားသည်။

**၇။ မိတ်သဟာယ။**

"သင်တို့သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏" (၁ ကော၊ ၁၂:၂၇)။

(က) တပည့်တော်သည် အသင်းတော်၌ ကိုယ်တိုင်ဆက်ကပ်ပါဝင်သည်။

(ခ) အခြားသူနှင့်မိတ်သဟာယပြု၍ ကူညီမှုထောက်မမှုပြုလိုစိတ်ရှိသည်။

(ဂ) မိတ်သဟာယမှာ ယုံကြည်မှု၏ မရှိမဖြစ်အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း သိသည်။

## ဂ။ တပည့်တော်တစ်ဦးဖြစ်ရန် နိယာမများ။

တပည့်တော်ဖြစ်ခြင်း၌ အဆင့်ဆင့်ရှိပါသည်။ ထိုအထဲမှ ဥပမာအချို့ကိုပြရလျှင်...

### ခြေလှမ်း ၁ - ခရစ်တော်ကိုခေါ် ဖိတ်၍ လက်ခံမှုပြုရန် အားပေးခြင်း။

- အသင်းတော်သို့ ဖိတ်ခေါ် ခြင်း။
- မိသားစုကျမ်းစာသင်ယူမှုသို့ ဖိတ်ခေါ် ခြင်း။
- ဝိညာဉ်တော်ဘုရား၏ မျက်မှောက်တော်ကို သူတို့အားခံစားထိတွေ့စေပါ။
- လူသိရှင်ကြားလက်ခံယုံကြည်မှုပြုနိုင်ရန် အားပေးမှုပြုပါ။

### ခြေလှမ်း ၂ - ကျမ်းစာသင်ကြားမှု၌ ပါဝင်စေခြင်း။

- အတန်းသစ်သို့ တက်ရောက်စေခြင်း။
- နေ့စဉ်နှုတ်ကပတ်တော်ဖတ်ရှုစေရန် အားပေးပါ။
- အသင်းတော် (သို့) အခြားနေရာရှိ ကျမ်းစာသင်ကြားမှုသို့ တက်ရောက်စေခြင်း။

### ခြေလှမ်း ၃ - ဆုတောင်းခြင်း၌ ပါဝင်စေခြင်း။

- ဆုတောင်းခြင်းသင်တန်းများပြင်ဆင်၊ ပံ့ပိုးပေးပါ။
- ဆုတောင်းခြင်းသာသနာ၌ပါဝင်စေရန်ဖန်တီးပေးပါ။

### ခြေလှမ်း ၄ - အစေခံမှုများ၌ ပါဝင်စေခြင်း။

- သူတို့တတ်စွမ်းနိုင်သောကဏ္ဍအလိုက် အသင်းတော်၌ အစေခံပါဝင်စေပါ။
- သူတို့ဆုကျေးဇူးများကို သင့်လျော်စွာအသုံးပြုနိုင်စေရန် အခွင့်အလမ်းဖွင့်ပေးပါ။

### ခြေလှမ်း ၅ - သာသနာ၌ ပါဝင်စေခြင်း။

- အခွင့်အလမ်းရှိသည့်အတိုင်း သာသနာ့ခရီးစဉ်များ ဖန်တီးပေးပါ။
- ဧဝံဂေလိသင်တန်းများပြင်ဆင်ပေးပါ။
- ယုံကြည်ခြင်း၌ကြီးထွား၍ စိတ်ချမှုရှိစေရန် သာသနာ၌ပါဝင်စေပါ။

**ဃ။ တပည့်တော်ဖြစ်ခြင်း၏ တိုင်းတာမှုစံနှုန်း။**

**၁။ တပည့်တော်ဖြစ်ခြင်းလက္ခဏာတစ်ခုခြင်းကို တိုးတက်ကြီးထွားစေခြင်း။**

(က) ဝတ်ပြုကိုးကွယ်မှု၏ ရာခိုင်နှုန်း။

(ခ) ကျမ်းစာလေ့လာခြင်း - ပြု/မပြု - မည်သို့ - အကြိမ်ရေ - မကြာမကြာ။

(ဂ) ဆုတောင်းခြင်း - ပြု/မပြု - မကြာမကြာ။

(ဃ) အစေခံခြင်း - ပြု/မပြု - မကြာမကြာ။

(င) သာသနာ - ပြု/မပြု - မကြာမကြာ။

(စ) ယုံကြည်ခြင်း - အားကြီး/အားနည်း။

(ဆ) မိတ်သဟာယ - ပြု/မပြု - မကြာမကြာ။

**၂။ တိုင်းတာမှုတစ်ခုချင်းအတွက် လိုအပ်သောအချက်အလက်များစုစည်းခြင်း။**

(က) အတန်းတက်ရောက်မှု လျှောက်လွှာဖေါင်ဖြည့်ခြင်း။

(ခ) ကိုးကွယ်မှုနှင့်ဆိုင်သောတက်ရောက်မှုကဒ်များ။

(ဂ) အသင်းတော်လုပ်ဆောင်မှုများ၌ ပါဝင်သောမှတ်တမ်းများ။

**၃။ အကျိုးရလာဒ် အစီရင်ခံမှတ်တမ်းများ။**

(က) လစဉ်။

(ခ) သုံးလပါတ်။

(ဂ) နှစ်စဉ်။

**င။ သာသနာအတွက် တပည့်တော်ဖြစ်ခြင်းလုပ်ဆောင်မှုများ။**

"ကိုယ်ပြုသောအမှုတို့ကို ထာဝရဘုရား၌ အပ်လော့။ သို့ပြုလျှင် သင်၏အကြံအစည် တို့သည် တည်ကြလိမ့်မည်" (သု၊ ၁၆:၃)။

**၁။ ပန်းတိုင်ချမှတ်ခြင်း။**

(က) မည်သို့မြင်တွေ့လိုသည်ကို တိကျစွာသတ်မှတ်ပါ။

(ခ) အကျိုးကျေးဇူးနှင့် ပြုမူရမည့်အရာများကို တိကျစွာသတ်မှတ်ပါ။

**၂။ တပည့်တော်ဖြစ်ခြင်းတိုင်းတာမှုအဆင့်တိုင်း၌ တိုင်းတာမှုသတ်မှတ်ထားပါ။**

(က) ကိုးကွယ်မှု၌ပါဝင်ခြင်း။

(ခ) ကျမ်းစာသင်ကြားမှု၌ပါဝင်ခြင်း။

(ဂ) အဖွဲ့ငယ်များ၌ ပါဝင်ခြင်း။

(ဃ) အစေခံခြင်း/သာသနာများ၌ ပါဝင်ခြင်း။

(င) သာသနာနှင့် သက်သေခံခြင်းများ၌ ပါဝင်ခြင်း။

(စ) ယုံကြည်မှု၌ ရဲဝံ့စွာရှင်သန်ခြင်း။

(ဆ) မိတ်သဟာယများ၌ ပါဝင်ခြင်း။

**၃။ တစ်ဦးချင်းတပည့်တော်ဖြစ်ခြင်း၌ တိုးတက်မှုများ။**

(က) တိုးတက်မှု၏ ခြေလှမ်းတိုင်းကို တိကျစွာထားရှိခြင်း။

(ခ) ကျမ်းစာသင်တန်း (သို့) အဖွဲ့ဝင်များအဖြစ်ပါဝင်ခြင်း။

(ဂ) အဖွဲ့ငယ်များ၌ ပါဝင်ခြင်း။

(ဃ) အစေခံခြင်း၊ သာသနာ (သို့) သက်သေခံခြင်းများအခွင့်အလမ်းများရှာဖွေခြင်း။

(င) အခြားသူများနှင့် မိတ်သဟာယပြုပါဝင်ခြင်း။

**၄။ နှစ်စဉ်အသင်းတော်အစီအစဉ်များဆောင်ရွက်ခြင်း။**

(က) အသင်းတော်တပည့်တော်ဖြစ်ခြင်းပန်းတိုင်ကို ပြီးမြောက်စေရန်ချမှတ်ခြင်း။

- မည်သို့လုပ်ဆောင်ရမည်ကို အစီအစဉ်ချမှတ်ခြင်း။
- ထိုပန်းတိုင်အတွက်လိုအပ်သောသင်ထောက်ကူ/ရင်းမြစ်များချမှတ်ခြင်း။

(ခ) နှစ်စဉ်အကျိုးရလာဒ်ရရှိစေဖို့ လစဉ်ဆောင်ရွက်မှုများကို သုံးသပ်ခြင်း။

(ဂ) လိုအပ်ခဲ့သော အပြောင်းအလဲများပြုရန်။

## စ။ ပြင်ဆင်မှုပြုဆောင်ရွက်နေမှုများ။

အောက်ပါမေးခွန်းများကို နှစ်စဉ်မေးမြန်းမှုပြုလျက် မိမိကိုယ်ကိုမိမိသုံးသပ်မှုပြုပါ။

**၁။ တစ်ဦးချင်းပါဝင်ဆက်ကပ်မှု။**

(က) တိုးတက်မှုခြေလှမ်းတိုင်းတွင် မည်သို့ပါဝင်ခဲ့သနည်း။

(ခ) မည်သည့်နေရာ၌ အောင်မြင်မှုရှိထားသနည်း။

**၂။ တစ်ဦးချင်းကြီးထွားရင့်ကျက်မှု။**

"ထိုနည်းတူ၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တပါးတည်းရှိသောကြောင့်အသေဖြစ်၏" (ယာ၊ ၂:၁၇)။

(က) တစ်ဦးချင်းအကျိုးရလာဒ်က မည်သို့နည်း။

(ခ) အသင်းသားတစ်ဦးအနေဖြင့် ယုံကြည်မှုကြီးရင့်လာပါသလား။

**၃။ အသင်းသားတိုင်း လိုအပ်မှုများအတွက် လိုအပ်သလိုပံ့ပိုးသင်ကြား/မွမ်းမံပေးခြင်း။**

(က) လိုအပ်သောအရာများကို ကောင်းစွာစီမံမှုများပြုခြင်း။

(ခ) ပိုမို၍အောင်မြင်မှုပြီးမြောက်စေရန် ပါဝင်မှုတိုင်းကို အားပေးပါ။

(ဂ) တိကျသောသာသနာနယ်သို့ တိကျစွာလမ်းညွှန်ပေးပါ။

**၄။ ဆင့်ကမ်းတာဝန်ပေးအပ်ခြင်း။**

"သို့ဖြစ်လျှင် ထိုပရောဖက်တို့၏ အကျင့်ကို ထောက်သော် သူတို့၏ သဘောကို သိရကြလိမ့်မည်" (မ၊ ၇:၂၀)။

(က) အသင်းတော်၌မည်သို့ ဆင့်ကမ်းပေးမည်နည်း။

(ခ) အသိုင်းအဝန်းကို မည်သို့ဆင့်ကမ်းပေးမည်နည်း။

(ဂ) လောကကြီးအားမည်သို့ ဆင့်ကမ်းပေးမည်နည်း။

# တပည့်တော်ဖြစ်ခြင်းအစီအစဉ် လေ့ကျင့်ခန်း

သာသနာ (သို့) အသင်းတော်အတွက် တပည့်တော်ဖြစ်ခြင်းဆိုင်ရာကြီးထွားစေခြင်း၊ ပန်းတိုင်၊ ရူပါရုံနှင့် ဆောင်ရွက်မှုများကို မည်သို့ပြုမူဆောင်ရွက်မည့်အကြောင်း ခြုံငုံမှုပြု၍ တိကျစွာပြုမူပါ။

**ရူပါရုံ သတ်မှတ်ချက်များ** ______________________________

______________________________

______________________________

**ပန်းတိုင် - ၁** ______________________________

**လုပ်ဆောင်မှုများ** ၁။

၂။

၃။

၄။

**ပန်းတိုင် - ၂** ______________________________

**လုပ်ဆောင်မှုများ** ၁။

၂။

၃။

၄။

**ပန်းတိုင် - ၃** ______________________________

**လုပ်ဆောင်မှုများ** ၁။

၂။

၃။

၄။

**ပန်းတိုင် - ၄** ______________________________

**လုပ်ဆောင်မှုများ** ၁။

၂။

၃။

၄။

# အခန်း ၁၀

## တပည့်တော်ဖြစ်စေခြင်း အဖွဲ့ငယ်များ

**“ထိုအခါ ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ အလိုတော်ရှိသောသူတို့ကို ခေါ်တော်မူလျှင်၊ အထံ တော်သို့ လာကြ၏။ ကိုယ်တော်နှင့်အတူ ရှိနေစေခြင်းငှါငင်း၊ တရားဟောသောအခွင့်၊ အနာရောဂါတို့ကို ငြိမ်းစေခြင်းငှါ စေလွှတ်တော်မူ၏”**

**(မာ၊ ၃း၁၃-၁၄)။**

ခရစ်တော်သည် လောကဥ္စသက်တော်ထင်ရှားရှိစဉ် လူသိရှင်ကြား အုပ်စုအဖွဲ့ငယ်တစ်ခုကို ရွေးချယ်ခြင်း ပြု၍သာသနာကိုအစပြုတော်မူခဲ့သည်။ လူ ၁၂ ဦးကိုခေါ်၍တပည့်တော်အဖြစ်ခန့်အပ်ရ သွန်သင်ခြင်း၊ လမ်းပြခြင်း ပြုစုခြင်းများကို သုံးနှစ်ကျော်တိုင်တိုင်ပြုတော်မူခဲ့သည်။ ခရစ်တော်ဘုရားမှ သာသနာ့အမှုများကို တပည့်တော်တို့ လက်တွင်းသို့အပ်နှံပြီးနောက်တွင် တပည့်တော်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဟူသော အသင်းတော်ကို တည်ဆောက်၍ အုပ်စုငယ်များပြုကာ အိမ်ထောင်များ၌စုဝေးလုပ်ဆောင်ခဲ့ကြပြန်ပါသည်။ လူမှုအသိုင်းအဝန်းနှင့် အဖွဲ့အစည်းတစ်ခုအတွက်ကောင်းကျိုးပြုစေဖို့အလို့ငှါ တပည့်တော်များတည်းဟူသော အဖွဲ့ငယ်လေးများတွင် ဝိညာဉ်ရေးတည်ဆောက်ကြီးရင့်စေ၍ အမှုပြုခဲ့ကြောင်း အတူလေ့လာကြပါစို့။

### က။ အုပ်စုငယ်များ - စံသတ်မှတ်ခြင်း။

၁။ ပုံမှန်အားဖြင့် ၅ မှ ၁၂ ဦးထားရှိခြင်း။

၂။ ပုံမှန်မိတ်သဟာယပြုတွေ့ဆုံခြင်း။

(က) အိမ်များ၌တွေ့ဆုံခြင်း။

(ခ) နှုတ်ကပတ်တော်သင်ကြားလေ့လာခြင်း။

(ဂ) မျှဝေခြင်း စောင့်ရှောက်ခြင်း။

(ဃ) ဆုတောင်းခြင်း။

(င) ခြင်းချက်ပြုနိုင် - အစားအသောက်။

၃။ နှိုးဆော်မှုအတိုင်း မေးမြန်း/ဖြေကြားခြင်းများဖြင့် နှုတ်ကပတ်တော်ဗဟိုပြုဆောင်ရွက်နိုင်သည်။

### ခ။ နှုတ်ကပတ်တော်အခြေခံသောအဖွဲ့ငယ်။

**အုပ်စု - ၁ - တမန်၊ ၂း၄၆-၄၇**

“ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ်တညီတညွတ်တည်းနေ၍၊ ကိုယ်အိမ်၌ မုန့်ကိုဖဲ့ လျက် ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏။ ဘုရားသခင်ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကိုလည်း နေ့စဉ် မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏”။

(က) အိမ်၌တွေ့ဆုံကြခြင်း။

(ခ) အသင်းတော်ကြီးထွားမှုအတွက် ဘုရားအသုံးပြုတော်မူခြင်း။

**အုပ်စု - ၂ - ဟေဗဲ၊ ၁၀:၂၅**

"လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်း တို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့"။

(က) လက်မလျှော့ပါနဲ့။

(ခ) ခွန်အားရင်းမြစ်များအတွက် အရေးကြီးသောနေရာဖြစ်သည်။

**အုပ်စု - ၃ - ဒေသနာ၊ ၄:၉-၁၀**

"လူသည်တယောက်တည်းထက် နှစ်ယောက် သာ၍ကောင်း၏။ ကြိုးစားအားထုတ်လျှင်၊ ကောင်းသော အကျိုးကိုရတတ်၏။ တယောက်လဲလျှင် တယောက်ထူလိမ့်မည်။ တယောက်တည်းသောသူလဲလျှင်မူကား အကျိုး နည်းပြီ။ ထူသောသူမရှိ"။

(က) အချင်းချင်းအပြန်အလှန်လိုအပ်ကြသည်။

(ခ) မိတ်ဆွေဟူသည် တစ်ဦးနှင့်တစ်ဦးကိုယ်ထိလက်ရောက်ကူညီမှုပြုကြသည်။

**အုပ်စု - ၄ - ကောလော၊ ၃:၁၆**

"ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာ အမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေး ခြင်းကိုပြု၍၊ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့"။

"သံကို သံဖြင့်ထက်စေသကဲ့သို့ လူသည်အဆွေ ခင်ပွန်း၏ မျက်နှာကို ထက်စေတတ်၏" (သု၊ ၂၇:၁၇)။

(က) မိတ်ဆွေရင်းခြားများကူညီစောင့်ရှောက်မှု။

(ခ) သင်ယူခြင်းဖြင့်ဝိညာဉ်ရေးအစဉ်ကြီးထွားမှုရှိစေခြင်း။

(ဂ) မိတ်ဆွေရင်းခြားတို့၏ တာဝန်ဝတ္တရာများရှိခြင်း။

**အုပ်စု - ၅ - အုပ်စုငယ်များက မိတ်သဟာယတန်ဖိုးကိုတိုးပွားကြီးရင့်စေသည်။**

(က) တစ်ဦးနှင့်တစ်ဦးချစ်မြတ်နိုးမှုဖန်တီးပေးခြင်း (ယော၊ ၁၃:၂၄၊ ၁၅:၁၂၊ ၁၇...မှအစ)။

(ခ) အချင်းချင်းအပြန်အလှန်အမှီတကဲပြုပေါင်းစည်းစေခြင်း (ရောမ၊ ၁၂:၁၀)။

(ဂ) အချင်းချင်းအပြန်အလှန်လေးစားသမှုဖေါ်ဆောင်ပေးခြင်း (ရောမ၊ ၁၂:၁၀)။

(ဃ) အချင်းချင်းစီရင်မှုကိုမပြုစေခြင်း (ရောမ၊ ၁၄:၁၃)။

(င) အချင်းချင်းလက်ခံကြည်ဖြူမှုဖြစ်စေခြင်း (ရောမ၊ ၁၅:၇)။

(စ) ကြင်နာစွာနှုတ်ဆက်/တုန့်ပြန်ဆိုစေခြင်း (ရောမ၊ ၁၆:၁၆၊ ၁ ကော၊ ၁၆:၂၀၊ ၁ ပေ၊ ၅:၁၄)။

(ဆ) အချင်းချင်းမေတ္တာဖြင့်အစေခံမှုပြုခြင်း (ဂလာ၊ ၅:၁၃)။

(ဇ) အချင်းချင်းတို့ဝန်ကိုမျှဝေသယ်ပိုးခြင်း (ဖေက်၊ ၄:၂၊ ကော၊ ၃:၁၃)။

(ဈ) အချင်းချင်းခွင့်လွှတ်မှုပြုခြင်း (ဖေက်၊ ၄:၃၂၊ ကော၊ ၃:၁၃)။

(ည) အချင်းချင်းကြင်နာမှုပြု၍စာနာစိတ်မွေးစေခြင်း (ဖေက်၊ ၄:၃၂)။

(ဋ) အချင်းချင်း ဆုံးမသွန်သင်မှုပြုနိုင်ခြင်း (ကော၊ ၃:၁၆)။

(ဌ) အချင်းချင်းတည်ဆောက်အားပေးမှုပြုနိုင်ခြင်း (၁ သက်၊ ၅:၁၁၊ ဟေဗြဲ၊ ၃:၁၃၊ ၁၀:၂၅)။

(ဍ) အချင်းချင်းနှစ်သိမ့်မှုပြုနိုင်ခြင်း (၁ သက်၊ ၄:၁၈)။

(ဎ) အချင်းချင်းနှိုးဆော်မှုနှင့် ထောက်စာမှုပြုနိုင်ခြင်း (ဟေဗြဲ၊ ၁၀:၂၄)။

(ဏ) အချင်းချင်းအပြစ်ကိုဝန်ခံသမှုပြုနိုင်ခြင်း (ယာ၊ ၅:၁၆)။

(တ) အချင်းချင်းဆုတောင်းမှုပြုပေးနိုင်ခြင်း (ယာ၊ ၅:၁၆)။

## ဂ။ အုပ်စုငယ်၏ ကောင်းကျိုးလက္ခဏာများ။

### ၁။ အုပ်စုတိုင်း ဝိညာဉ်ရေးစံများထားရှိရန်လိုအပ်သည် (အထက် - အောက် - အပြင် - ရှေ့သို့)။

**(က) အထက်သို့ - မ၊ ၂၂:၃၆-၃၈**

"အရှင်ဘုရား၊ ပညတ္တိကျမ်း၌ အဘယ်မည်သော ပညတ်သည်သာ၍ ကြီးသနည်းဟု မေးလျှောက်သော်၊ ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသောပညတ် သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏"။

- ဦးစားပေးမှု - ဘုရားနှင့်မိတ်သဟာယရှိခြင်း။
- စစ်မှန်သောစိတ်ဆန္ဒနှင့် ဥသုံဖြစ်စေမှု။
- သခင်နှင့်အတူလျှောက်လှမ်းလိုခြင်း။
- အမှုတော်များကိုကြားပြောလိုစိတ်ကြီးမားခြင်း။

**(ခ) အောက်သို့ - မ၊ ၂၂:၃၉**

"ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယကပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏"။

- အချင်းချင်းမေတ္တာအခြေခံ၍အပ်နှံမှုရှိခြင်း။
- လူမှုအသိုင်းအဝန်း၌ ရှင်သန်နေထိုင်ခြင်း။
- အဖွဲ့၌ချစ်တတ်ခြင်းက ပြင်ပတွင်လည်းချစ်မြတ်နိုးတတ်စေရန်အစပျိုးခြင်းဖြစ်သည်။

**(ဂ) အပြင်သို့ - မ၊ ၂၈:၁၉**

"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့"။

- ကျွန်ုပ်တို့အားလုံး လောကအနှံ့မဟာစေခိုင်းချက်ပြည့်စုံရန် ခန့်အပ်ခံရသူများအဖြစ် နားလည်ခြင်း။
- ဘုရားသခင်ဦးဆောင်မှုပြုရာအရပ်တိုင်း၌ သက်သေခံခြင်းအခွင့်ကိုရှာဖွေမှုပြုရမည်။
- ပြင်ပမိန့်ဆိုရာ၌ "သွား" ၍ဘုရားသခင့်"တပည့်တော်ဖြစ်စေ"ခြင်းအမှုကိုပြုရန်ဖြစ်သည်။

**(ဃ) ရှေ့သို့ - မ၊ ၂၈:၂၀**

"ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြ လော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့ အား မိန့်တော်မူ၏"။

- မိန့်တော်မူသမျှ နာခံတတ်ရန်သင်ယူခြင်း - ဝိညာဉ်ရေးကြီးထွားစေမည့် စိန်ခေါ်မှုများ။
- သင်ကြားခံယူမှုနှင့် လက်တွေ့နာခံကျင့်သုံးခြင်းသည် မတူညီ။
- အသက်တာပြောင်းလဲခြင်းဖြင့် တစ်ပါးသူများအား ဆင့်ကမ်းမှုသက်ရောက်စေသည်။
- ယုံကြည်စွာခရစ်တော်နှင့်လျှောက်လှမ်းခြင်းက ကျွန်ုပ်တို့၏ဆန္ဒနှင့် လမ်းပြဖြစ်စေသည်။

### ၂။ အုပ်စုငယ်များ၏ အကျိုးကျေးဇူးများ။

(က) အသက်တာပြောင်းလဲမှုတို့ ကိုယ်တွေ့ခံစားရာနေရာ။

(ခ) ခရစ်ယာန်အသက်တာမည်သို့ ရှင်သန်ရမည်ကို သင်ယူနိုင်သည့်နေရာ။
(ဂ) မေတ္တာတရားဖေါ်ကျူးမျှဝေ၍ လက်ခံရာနေရာ။
(ဃ) နက်ရှိုင်းမေတ္တာတရားကြီးထွား၍ မျှဝေခြင်း၊ လက်ခံခြင်းပြုစုပျိုးထောင်သောနေရာ။
(င) အခက်အခဲနှင့် ဘဝစိန်ခေါ်မှုများအတွက် ခွန်အားရယူရန်နေရာ။
(စ) ကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ နှုတ်ကပတ်တော်သင်ယူခြင်းပြုရန်နေရာ။
(ဆ) ဝိညာဉ်ဆုကျေးဇူးများအသုံးပြုလျက် အချင်းချင်းအစေခံရန်နေရာ။

**၃။ အုပ်စုငယ်များအသွင်ပြနိုင်သော အခြားအုပ်စုငယ်များ။**

(က) အစေခံခြင်းဇဟိုပြု (စားဖိုမှူးများ)။
(ခ) သသာနာဇဟိုပြု (ကိုးကွယ်မှုဓမ္မတေးဂီတများ)။
(ဂ) ကျား/မ အခြေခံသောအဖွဲ့များ (အမျိုးသား/အမျိုးသမီးကော်ဖီစကားဝိုင်းများ)။
(ဃ) ရာထူးအခြေပြုသောအဖွဲ့များ (စီနီယာ/လူငယ်စသော အုပ်စုများ)။
(င) အုပ်စုတိုင်း၌ ဆောင်ရွက်ရန်လိုအပ်သော စံနှုန်းတန်ဘိုးများ။

- နှုတ်ကပတ်တော်ဖြင့်အစပြုခြင်း။
- အတူဆုတောင်းခြင်း။
- အချင်းချင်းမျှဝေထောက်မမှုများပြုခြင်း။
- ဝိညာဉ်ရေးအတူတကွကြီးထွားရင့်ကျက်စေခြင်း။

**ဃ။ ဖြစ်နိုင်ခြေအဖြေများနှင့် အုပ်စုငယ်များအတွက်စိန်ခေါ်မှုများ။**

**၁။ သီးသန့်ဖြစ်တည်ခြင်း -** အုပ်စုငယ်သည် အခြားအုပ်စုများနှင့် သီးသန့်ဖြစ်သွားသောအခါ။

**ဖြစ်နိုင်ခြေအဖြေ -** ခုံအလွတ်တစ်ခုထားပြီး ထိုခုံကိုဖြည့်ဆည်းပေးဖို့ ဆုတောင်းပါ။ ထို့အတူ အဖွဲ့များအားအုပ်စု နှစ်ခုဖြစ်ရန် လိုအပ်ပါက ဆောင်ရွက်ရန်လည်းဆန္ဒအသင့်ရှိထားပါ။

**၂။ ရှက်ကြောက်ခြင်း -** အချို့အဖွဲ့ဝင်များက မျှဝေရန်အရှက်ကြီးသူများဖြစ်တတ်ကြသည်။
**ဖြစ်နိုင်ခြေအဖြေ -** အချိန်အခါကိုက်ညီမှုရှိလျှင် အုပ်စုငယ် ၃ - ၄ ခု ခွဲခြမ်းမှုပြုလိုက်ပါ။

**၃။ ဝိညာဉ်ရေးအနှစ်ကင်းမဲ့ခြင်း -** လူမှုရေးအခြေပြုလွန်းသော် ဝိညာဉ်ရေးအားနည်းမှုရှိတတ်သည်။
**ဖြစ်နိုင်ခြေအဖြေ -** ကိုးကွယ်၊ ဆုတောင်း၊ ကျမ်းစာသင်ကြားခြင်းနှင့် မျှဝေမှုများလေးနက်ညီမျှစွာပြုပါ။

**၄။ ဦးဆောင်ချုပ်ကိုင်ခြင်း -** အလုံးစုံကိုခေါင်းဆောင်မှပြောဆိုနေခြင်း။
**ဖြစ်နိုင်ခြေအဖြေ -** ကျမ်းစာလေ့လာမှုတွင် ခေါင်းဆောင်မှုအလှည့်ကျပြုပါ။

**၅။ တစ်ဦးချင်းပြဿနာကြီးစိုးခြင်း -** အမြဲ ကိုယ်ပိုင်အခက်အခဲများသာ ပြောကြားနေခြင်း။
**ဖြစ်နိုင်ခြေအဖြေ -** တစ်ဦးချင်းနှင့်ဆိုင်သောပြဿနာများအား အကြံပေးလျက်တိုင်ပင်မှုပြုခြင်း။

**၆။ ကလေးသူငယ်များ -** အိမ်တွင်ထားခဲ့၍မရသော သားသမီးများနှင့်တက်ရောက်သောမိဘများ။

**ဖြစ်နိုင်ခြေအဖြေ -** ကလေးများကိုသီးသန့်သင်ခြင်း (သို့) သင်ပေးမည့်လူငယ်များရှာဖွေခြင်းပြုပါ။

## ၄။ အဖွဲ့ငယ်များအတွက် သင်းအုပ်၏ပံ့ပိုးကူညီမှုသည် လွန်စွာအရေးကြီးသည်။

၁။ အသင်းအဖွဲ့ငယ်များထံ မကြာမကြာသွားလည်ပတ်မှုပြုခြင်း။

၂။ အဖွဲ့ငယ်ခေါင်းဆောင်များကို သွန်သင်၊ ပံ့ပိုး၊ မွမ်းမံပေးပါ။

၃။ အုပ်စုငယ်များအတွက် ကျမ်းစာသင်တန်းသင်ထောက်ကူများဖြင့် ပံ့ပိုးပေးပါ။

၄။ သင်ထောက်ကူ/စာရွက်စာတမ်း/အကူအညီများကိုအလျှဉ်းသင့်သလိုကူညီပံ့ပိုးပေးပါ။

၅။ သူတို့ပွဲလမ်း/အစီအစဉ်များတွင် အတူတကွပါဝင်၍ဆင်နွဲပေးပါ။

၆။ အသင်းအဖွဲ့ကြီးများနည်းတူ သူတို့နှင့်အတူအောင်ပွဲပါဝင်ဆင်နွဲပေးပါ။

# တပည့်တော်ဖြစ်စေခြင်း အဖွဲ့ငယ် လေ့ကျင့်ခန်း

အုပ်စုငယ်များအတွက်အထောက်အကူဖြစ်စေရန် အောက်ပါမေးခွန်းများကိုဖြေဆိုကူညီပေးပါ။

၁။ ကျမ်းစာသင်အုပ်စုများရှိနေပြီး ထပ်မံအုပ်စုငယ်များဖွဲ့ရန်မည်သည့်အကူအညီများ လိုအပ်နေပါသနည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

၂။ မည်သည့်သာသနာနှင့် မည်သည့်အဖွဲ့က နှုတ်ကပတ်သင်ကြားခြင်း၊ ဆုတောင်းခြင်း စသောအမှုများပြုရန် လိုအပ်နေသနည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

၃။ မည်သူက ခေါင်းဆောင်မှုရန်အကောင်းဆုံးဖြစ်နိုင်မည်နည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

၄။ ကျွန်ုပ်တို့အသင်းတော်အတွက် တပည့်တော်အုပ်စုငယ်များပြုရန် အကြံဉာဏ်သစ်များရှိထားပါသလား။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

(ထိုအရာတို့အား တစ်ဦးချင်းနှင့် သေချာဆွေးနွေးမှုပြုပါ)

# အခန်း ၁၁

# ဆင့်ကမ်းပြုစုမှုလုပ်ဆောင်ခြင်း

**"သင်တို့တွင် ဖြည်းညှင်းစွာပြုကြ၏။ သင်တို့ကို ချစ်သောကြောင့် နို့ထိန်းသည် မိမိသူငယ်ကိုကျွေးမွေး ပြုစုသကဲ့သို့၊**
**ငါတို့သည် သင်တို့ကို နှမြောစုံမက်ခြင်းနှင့်တကွ၊**
**ဘုရားသခင်၏ ဧဝံဂေလိတရားကိုမျှမက၊**
**ကိုယ်အသက်ကိုပင် ပေးချင်သော စေတနာစိတ်ရှိကြ၏။....**
**ဘုရားသခင်သည်လည်း သက်သေဖြစ်တော်မူ၏"**
**(၁ သက်၊ ၂:၇-၈၊ ၁၂)**

ခရစ်တော်သည် တပည့်တော်များကိုပြုစုပျိုးထောင်မှု ကောင်းစွာပြုခဲ့သည်။ တပည့်တော်များအတွက် ခရစ်တော်သည် ဆရာ၊ အကြံပေး၊ လမ်းပြစသည်ဖြင့်ဘက်စုံဖြစ်ခဲ့သည်။ ထို့အတူ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကိုလည်း စနစ်တကျဖြင့်သွန်သင်ဆင့်ကမ်းမှုပြုခဲ့သည်။ ဆင့်ကမ်းသွန်သင်မှုပြုခြင်းသည် မဟာစေခိုင်းချက်၏ အဓိကသော့ချက်တစ်ခုအဖြစ်လည်းပါဝင်ပါသည်။ သာသနာ့ပြင်ပတွင်ရှိသော "လူမျိုးတကာတို့ကို သက်သေခံ၍" တပည့်တော် "ဖြစ်စေရန်" ပြုရမည်ဟူ၍ဆိုထားပါသည်။ တပည့်တော်ဖြစ်စေခြင်း၌ "ဆင့်ကမ်းမှု" ပြုခြင်းသည် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဝိညာဉ်ရေးကြီးရင့်မှုနှင့်အတူ အသက်တာကိုမည်သို့ ကျင့်သုံးရမည့် အကြောင်းသင်ယူခြင်းလည်းဖြစ်ပါသည်။

**က။ နိဒါန်း။**

**၁။ ဆရာဟူသည် ပညာတရားပြည့်စုံ၍ သွန်သင်၊ ညွှန်ပြမှုကိုပြုနိုင်သူဖြစ်သည်။**

**၂။ "ဆရာမပြနည်းမကျ" ဆိုသည့်အတိုင်း လူတိုင်းဆရာလိုအပ်ကြသည်။ ထိုအတိုင်းဖန်ဆင်းခဲ့သည်။**

(က) မိဘများ။

(ခ) ဆရာသမားများ။

(ဂ) အထက်လူကြီးများ။

(ဃ) သင်းအုပ်ဆရာများ။

**၃။ ဆင့်ကမ်းမှုပြုခြင်းဟူသည်...(၁ တိ၊ ၄)။**

(က) တပည့်တော်ဖြစ်ခြင်းကို အခြားတစ်ဦးသို့ဆင့်ကမ်းခြင်း။

(ခ) အခြားသူ၏ အသက်တာကို တည်ဆောက်မှုပြု၊ ပျိုးထောင်ပေးခြင်း။

(ဂ) ခရစ်တော်၌ရှိသော ယုံကြည်ခင်းအား ဆင့်ကမ်းပေးခြင်း။

(ဃ) ပျိုးထောင်ခြင်းမှာ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်လေးစားသမှုဖြင့် မှီခိုနေခြင်းဖြစ်သည်။

(င) ဝိညာဉ်ရေးဆင့်ကမ်းမွေးထုတ်ခြင်း - ဆက်ခံသူမှအခြားသူများကို ဆင့်ကမ်းပေးခြင်း။

(စ) ယခုမျိုးဆက်မှသည် နောက်မျိုးဆက်သို့ခေါင်းဆောင်များကို ထိန်းကျောင်းဆင့်ကမ်းခြင်း။

**"သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသော အရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူတို့၌ အပ်ပေးလော့"**

**(၂ တိ၊ ၂:၂)။**

## ခ။ ဆင့်ကမ်းခြင်းနိယာမများ။

### ၁။ ဆက်ကပ်အပ်နှံမှု။

(က) အပြန်အလှန်ဆက်ဆံရေးကိုတိုးပွားစေ၍ တာဝန်ဝတ္တရားများအကြောင်းပြောဆိုခြင်း။

(ခ) တိုးတက်နေမှုများအတွက် အချိန်ပေး၍ရင်းနှီးမြှုပ်နှံမှုပြုခြင်း။

(ဂ) ဘုရားအလိုတော်နှင့်စကားတော်တိုင်းအဆုံးတိုင်တည်ကြည်စွာပြုမူခြင်း။

### ၂။ တာဝန်ခံယူမှု။

(က) တစ်ဦးနှင့်တစ်ဦးအကြားပွင့်လင်းမြင်သာမှုရှိခြင်း။

(ခ) နောင်တတရားဖြင့်အသင့်ပြုပြင်တတ်သူဖြစ်ရမည်။

(ဂ) အခြားသူများ၏အကြံဉာဏ်များကိုလည်း သဘောတူစွာဖြေဆိုတတ်ရမည်။

### ၃။ စိတ်ချမှုရှိခြင်း။

(က) လိုအပ်၍ ပြောရမည့်အရာများမှအပ သတင်းအချက်လက်များလုံခြုံမှုရှိစေပါ။

(ခ) ခရစ်တော်ခန္ဓာတည်ဆောက်ရန် သတင်းအချက်အလက်ကိုသဘောတူညီစွာမျှဝေမှုပြုပါ။

### ၄။ ကိုယ်ကျိုးစွန့်ခြင်း။

(က) လူတိုင်းမိတ်သဟာယဆက်နွယ်ရေးကို ဆန္ဒရှိစွာပါဝင်လိုကြသည်။

(ခ) ရေရှည်လိုအပ်သောဆက်ကပ်မှုအတွက် လိုအပ်သလိုပြင်ဆင်မှုပြုပါ။

(ဂ) တောင်းဆိုမှု (သို့) လိုအပ်ချက်အရအဆုံးတိုင်စေရန်လည်း ခွင့်ပြုပါ။

### ၅။ စရိုက်လက္ခဏာများ။

(က) တစ်ဦးချင်းတွေ့ဆုံခြင်း။

(ခ) တူညီသောကျား/မ ဖြင့်သာတွေ့ဆုံစေပါ။

(ဂ) သင်သိသူ (သို့) မသိသူတစ်ဦးလည်းဖြစ်နိုင်သည်။

(ဃ) အခြားတတိယလူအားဖြင့် ကူညီမှုကိုအထမြောက်စေခြင်း။

(င) တွေ့ဆုံချိန်၌ အနည်းဆုံးသုံးဦးမျှလျာထားခြင်း။

(စ) ကျမ်းစာသည်အဓိကလက်နက်/ကြားခံဖြစ်ရမည်။

(ဆ) ထိုသို့ဖြင့်ဘုရားသခင့်ခေါ် ခြင်းကို တုန့်ပြန်မှုပြုနိုင်ပါသည်။

## ဂ။ မည်သို့ဆင့်ကမ်းမှုပြုနိုင်သနည်း။

### ၁။ အစပြုခြင်း။

(က) ဆုတောင်း၍ဘုရားလမ်းပြသည့်အတိုင်း ဦးဆောင်နိုင်မည့်သူကိုရွေးချယ်မှုပြုပါ။

(ခ) ဦးဆောင်မှုပြုရန်အစပြုခြင်းနှင့်အတူ အဆုံးတိုင်ဆောင်ရွက်ကြဖို့ကတိကဝတ်ပြုခြင်း။

(ဂ) ပြီးမြောက်သည့်တိုင် အလိုတော်အတိုင်းရင်းနှီးကျွမ်းဝင်သူဖြစ်ရန်လိုသည်။ ဆုတောင်းပါ။

(ဃ) ကယ်တင်ခြင်းမရောက်သေးသူ (သို့) မယုံကြည်သူဖြစ်လျင် ဧဝံဂေလိဦးစွာဝေငှပါ။

### ၂။ သင်ကြားမှုအစီအစဉ်များချမှတ်ထားပါ။

(က) မည်သည့်အချိန်၊ မည်သည့်နေရာ၌တွေ့ဆုံကြမည်။

(ခ) ကျမ်းစာသည်အုတ်မြစ်လမ်းပြအဖြစ်သဘောတူညီမှုထားရှိပါ။

(ဂ) ဒုတိယအကြိမ်တွေ့ဆုံစဉ် မှတ်စု၊ ဆွေးနွေးစရာနှင့် (သို့) လိုအပ်သလိုပြင်ဆင်နိုင်သည်။

(ဃ) အခြားအချိန်ဇယားနှင့် ခေါင်းစဉ်များကိုလည်း သတ်မှတ်မှုပြုထားပါ။

### ၃။ ပုံမှန်တွေ့ဆုံမှုပြုပါ။

(က) ဇယားအတိုင်းတွေ့ဆုံရန်သဘောတူညီမှုထားရှိခြင်း။

(ခ) လိုအပ်သလိုဇယားကိုညှိနှိုင်းခြင်း၊ ပြင်ဆင်ခြင်းများပြုရန်လည်းပြင်ဆင်ထားပါ။

(ဂ) သင်တန်းချိန်တိုင်းခြုံငုံမှုပြုသည့်နည်းတူ ခွန်အားပေးမှုပြုပါ။

### ၄။ လိုအပ်မှုနှင့်အညီဆောင်ရွက်၊ ပံ့ပိုးမှုပြုခြင်း။

(က) မှတ်စုများပြုစုထားခြင်း။

(ခ) ကလေး၊ လူငယ်အစရှိသဖြင့် လက်ရှိဖြစ်တည်မှုသတင်းများကိုစုစည်းထားရှိပါ။

(ဂ) မှတ်စုကိုသုံးသပ်ဆွေးနွေးပြီး၊ လိုအပ်မှုကိုဖေါ်ထုတ်လျက် သင်တန်းပန်းတိုင်များထားရှိပါ။

### ၅။ ဝိညာဉ်ရေးကြီးထွားမှုအတွက် အားပေးမှုပြုပါ။

"သင်သည်အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုငှင်း၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း အလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ် သောအရွယ်မှစ၍ လေ့ကျက် သည်ကိုငှင်း သိမှတ်သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့" (၂ တိ၊ ၃:၁၄-၁၅)။

(က) တွေ့ဆုံမှုတိုင်းတွင် ပန်းတိုင်များ (သို့) တစ်ခုချင်းကို ပြီးမြောက်စေပါ။

(ခ) ပန်းတိုင်တိုင်းနှုတ်ကပတ်တော်ဖြင့်ချိန်ထိုးအဖြေရှာပါ။ ထို့အတွက်ကြိုတင်ပြင်ဆင်မှုများ အတူတကွ ပြုမူဆောင်ရွက်ပါ။

(ဂ) အတူတကွဆုတောင်း၍ ဝိညာဉ်တော်လမ်းပြမှုကိုနားစွင့်ခံယူမှုပြုပါ။

(ဃ) "အိမ်စာ" များကိုအချိန်နှင့်အညီ နောက်သင်တန်းမတိုင်မီ ပြီးစီးရန်သဘောတူမှုရှိပါ။

(င) ကောင်းစွာသက်သေခံခြင်း။ ဝိညာဉ်ရေးကြီးထွားမှုကိုအခြားသူများနှင့်မျှဝေပါ။ အသက် တာ၌ ဝိညာဉ်တော် ဘုရားမှမည်သို့ပြုတော်မူသောအမှုများကိုလည်း ပြန်လည်မျှဝေပါ။

**၆။ သင်ကြားမှုကို မည်သည့်အချိန်၌ပြီးစီးစေမည်နည်း။**

(က) ဘုရားသခင်လမ်းပြမှုနှင့်အညီ ဆုံးဖြတ်ထားမှုအတိုင်းဆောင်ရွက်ပါ။

(ခ) ထိုသူမှအခြားသူအား ဦးဆောင်မှုပြုနိုင်ချိန် တပည့်တော်မွေးထုတ်နိုင်သူများအား ကျွန်ုပ်တို့ တပည့်တော်ဖြစ်စေရန် ပြုဖို့လိုအပ်ပါသည်။

(ဂ) အသက်တာပြောင်းလဲချိန်။

(ဃ) အပြောင်းအလဲများ၌ - ပုံမှန်မတွေ့ပဲ အရေးကြီး(ခက်ခဲ) အကြောင်းအရာများကို အလျဉ်း သင့်သလိုဆွေးနွေးသင်ကြား၊ တိုင်ပင်မှုဒပြုခြင်း။

(င) နေ့လည်စာ၌တွေ့ဆုံခြင်းနှင့်အတူ အပြန်အလှန်လမ်းပြ၊ သွန်သင်မှုပြုခြင်း။

ခရစ်ယာန်တိုင်း "**ဆရာသမားရှိ၍**

**ထိုမှတစ်ဖန်**

**အခြားသူများအား ဦးဆောင်မှုပြုပေးနိုင်သူဖြစ်ရပါမည်။**

ရှင်ပေါလုက တိမောသေအား အောက်ပါအတိုင်းဖေါ်ပြခဲ့ပါသည်။

**"ငါ့သားတိမောသေ၊ သင့်ကိုရည်မှတ်၍ ဟောပြောခဲ့ပြီးသော အနာဂတ္တိစကားကို သင်သည်အမှီပြု၍၊ ယုံကြည်ခြင်းကိုငင်း၊ ကိုယ်ကိုကိုယ်သိသော စိတ်ကြည်လင်ခြင်းကိုငင်း စွဲလမ်း၍ ကောင်းသောစစ်ကို တိုက်စေ ခြင်းငှါ၊ ထားခဲ့ပြီးသော ထိုအနာဂတ္တိစကားနှင့်အညီ၊ အထက် ငါဆိုခဲ့ပြီးသော ပညတ်ထားခြင်းအခွင့်ကိုသင်၌ ငါအပ်ပေး၏။ ထိုယုံကြည်ခြင်းမှ စသည်တို့ကို အချို့သောသူတို့သည် ပယ်ပြီးလျှင်၊ ယုံကြည်ခြင်းသင်္ဘောပျက်၍ ဆုံးရှုံးကြပြီ"**

**(၁ တိ၊ ၁:၁၈-၁၉)။**

# ဆင့်ကမ်းပြုစုမှုလုပ်ဆောင်ခြင်း လေ့ကျင့်ခန်း

သင့်အသင်းတော်ရှိ ဆင့်ကမ်းပြုစုမှုအတွက်အစီအစဉ်များကိုပြုရန် အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ ဘုရားသခင်မှ မည်သူ့အားဦးဆောင်မှုအတွက်ရွေးချယ်ရန် နှိုးဆော်ပါသနည်း။

၂။ အသင်းတော်ဦးဆောင်မှုအစေခံရနအတွက် မည်သူတို့ကဆုကျေးဇူးနှင့်အသင့်ရှိနေကြသနည်း။

၃။ အသင်းတော်၌ ထိုသို့ဆင့်ကမ်းမှုပြုရန် မည်သူက လိုအပ်နေပါသနည်း။

၄။ အထက်ပါမေးခွန်း ၂ နှင့် ၃ တို့တွင် မည်သူကကိုက်ညီမှုရှိနေသနည်း။

# အခန်း ၁၂

## ဝိညာဉ်ရေးဆာငတ်မှုကို ပြည့်ဝစုံလင်စေခြင်း

**“ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့ သည် ဝပြောခြင်းသို့ ရောက်ကြလတံ့”**
**(မ၊ ၅:၆)**

“မြင်းတစ်ကောင်အားရေရှိရာ ပို့ဆောင်နိုင်သော်လည်း မြင်းရေသောက်ရန်တော့ သင်ပြုနိုင်မည်မဟုတ်” ဟူသောစကားပုံရှိပါသည်။ အဓိပ္ပါယ်မှာ မြင်းကိုယ်၌ရေဆာငတ်ခြင်းမရှိလျှင် ရေကိုသယ်ယူပေး၍ ရှေ့၌ထားရှိပေးသည့်တိုင် သောက်လိမ့်မည်မဟုတ်ဟုဆိုလိုပါသည်။ ဘုရားသခင်နှင့်အတူလျှောက်လှမ်းရာတွင်လည်း ထို့အတူပင်ဖြစ်သည်။ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ကိုပို့ဆောင်ပေးကြသည့်တိုင် ကျွန်ုပ်တို့ဆာငတ်ခြင်းမရှိလျှင် ထိုဘုရားအကြောင်းကိုစိတ်ဝင်စားကြလိမ့်မည်မဟုတ်။ ထို့ကြောင့် ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာဖြစ်ရန်မှာ ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားကိုဆာငတ်၍ နှုတ်ကပတ်တော်ကိုမွတ်သိပ်သောသူများဖြစ်ကြရန် အရေးကြီးပါသည်။ “ကာယဆာငတ်မှုနှင့် ဝိညာဉ်ရေးဆာငတ်မှု” အကြားကွဲပြားခြားနားမှုကို Rev. David Jeramiah ကအောက်ပါနည်းဖြင့်ခွဲခြားပြခဲ့သည်ကိုကြားဘူးပါသည်။ သူ၏ရေဒီယိုဒေသနာတွင် “ကာယဆာငတ်မှုက များများစားလေငတ်မွတ်မှုနည်းလာလေဖြစ်ပြီးနောက်ဆုံး ဗိုက်ပြည့်သည်။ ဝိညာဉ်ရေးဆာငတ်မှုက ဆန့်ကျင်ဘက်” ဟုဆိုသည်။ ဝိညာဉ်ရေးစားသုံးမှုကစားသုံးလေပိုမို၍ဆာငတ်မှုဖြစ်လေ တော်ပြီဆိုတာမရှိ”ဟုဆိုခဲ့သည်။ ခေါင်းဆောင်ဖြစ်သည့်အားလျော်စွာအခြားသူများအား ဘုရားတရား၌ဆာငတ်မှုရှိရန်အမြဲအားပေးဖို့လိုသည်။ ဘုရားလူတို့ဘုရားကို ဆာငတ်ခြင်းက ဆာငတ်မှုနှင့်အတူ တပည့်တော်ဖြစ်ခြင်း၌ကြီးထွားရင့်ကျက်လာကြသည်။

### က။ ဘုရားတရားဆာငတ်မှုကို မည်သူတို့ဖြစ်သင့်သနည်း။

**၁။ ခရစ်တော်၏ တပည့်တော်တိုင်း ခရစ်တော်နည်းတူဆာငတ်သင့်သည်။**

(က) တပည့်တော်နှင့် ယုံကြည်သူအကြားခြားနားမှုရှိပါသလား။

**တပည့်တော် -** တစ်စုံတစ်ဦး၏ သွန်သင်မှု၊ ဟောပြောမှုတို့ကိုတိုးတက်၊ ပြန့်ပွားစေရန်လက်ခံကူညီမှုပြုသူ။

**ယုံကြည်သူ -** စစ်မှန်သောယုံကြည်မှုနှင့်အတူ ထိုအတွက်တည်ကြည်ရပ်တည်မှုပြုသူ။

(ခ) တပည့်တော်မှာ ယုံကြည်သူတစ်ဦးထက်ပိုပြီးသက်ဝင်ယုံကြည်မှုကို လက်ဆုပ်လက်ကိုင်ပြုထားသူတစ်ဦးဖြစ်သည်။

“ကိုယ်ကိုကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နားရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့” (ယာ၊ ၁:၂၂)။

**၂။ နှုတ်ကပတ်တော်ရှိ ဘုရားကိုဆာငတ်သောဥပမာအချို့။**

(က) အာဗြဟံ - ဘုရားသခင့်ကတိတော်ကိုကိုးစားခြင်း (က၊ ၂၂)။

(ခ) မောရှေ - ဘုရားသခင့်အမိန့်တော်ကိုနာခံခြင်း (ထွက်၊ ၇:၆)။

(ဂ) ဒါဝိဒ် - ဘုရားသခင့်နှလုံးတော်နှင့်ထိတွေ့သောသူ (၁ ရာ၊ ၁၃:၁၄)။

(ဃ) ယောဘ - ခက်ခဲမှုများအကြား၌ တည်ကြည်သောယုံကြည်ခြင်းရှိသူ (ယောဘ၊ ၄၂)။

(င) နိကောဒင် - ခရစ်တော်ထံသို့ ညဥ့်လာရောက်လေ့ရှိသူ (ယော၊ ၃း၂)။

(စ) မာရိ - သခင့်ခြေတော်ရင်း၌ နာယူမှုပြုသူ (လု၊ ၁၀း၃၈-၄၂)။

(ဆ) ပေါလု - ဘုရားသခင်အတွက် သာသနာ့စိတ်ထားရှိသူ (တမန်၊ ၉း၁၅-၁၆)။

## ခ။ ဘုရားတရားဆာငတ်ရန် ဘာကြောင့်တိုက်တွန်းအားပေးသင့်သနည်း။

### ၁။ ဘုရားတစ်ပါးတည်းသာ ကျွန်ုပ်တို့ "လိုအင်ကွက်လပ်" ကိုဖြည့်ဆည်းပေးနိုင်။

(က) ဘုရားတစ်ပါးသာစစ်မှန်သောငြိမ်သက်ခြင်းပေးနိုင်။

(ခ) ကျွန်ုပ်တို့ဝိညာဉ်ရေးလိုအပ်မှု၊ ဆာငတ်မှုကိုဘုရားတစ်ပါးသာပြည့်ဝစေနိုင်။

### ၂။ ကျွန်ုပ်တို့အား မိတ်သဟာယစိတ်နှလုံးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။

(က) အပြစ်ကြောင့်ဝေးကွာခဲ့ရမှုကို ဘုရားသခင်မှပြန်လည်သင့်မြတ်စေလိုသည်။

(ခ) ဘုရားမပါလျှင် ကျွန်ုပ်တို့မည်သို့မှမတတ်စွမ်းနိုင်ပါ (ယော၊ ၁၅း၅)။

### ၃။ ခရစ်တော်တစ်ပါးတည်းသာလျှင် ထာဝရအသက်လမ်းဖြစ်သည်။

(က) ခရစ်တော်အမည်နာမမှတစ်ပါးအခြားအမည်နာမမရှိ (တမန်၊ ၄း၁၂)။

(ခ) လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်သောယေရှုခရစ်တော် (ယော၊ ၁၄း၆)။

### ၄။ ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းအား ကောင်းကြီးမင်္ဂလာပေးလိုသည်။

(က) ဘုရားကိုဦးစားပေးလျှင် လိုအပ်မှုကိုဖြည့်ဆည်းပေးပါလိမ့်မည် (မ၊ ၆း၃၃)။

(ခ) အထံတော်ချဉ်းကပ်သူတိုင်းကို ကောင်းကြီးပေးတော်မူသည် (ရောမ၊ ၁၀း၁၂)။

## ဂ။ ဝိညာဉ်ရေးဆာငတ်မှု လက္ခဏာများကမည်သို့နည်း။

### ၁။ ကိုးကွယ်လိုသောစိတ်ဆန္ဒ။

(က) ချီးမွမ်းခြင်းဖြင့်နိုးကြားစေသည်။

(ခ) ကိုးကွယ်ခြင်းဖြင့် ဝိညာဉ်ရှင်လန်းစေသည်။

(ဂ) ကိုးကွယ်ခြင်းက မိမိကိုယ်ကိုထက်ဘုရားကို ဗဟိုပြုစေသည်။

### ၂။ သမ္မာတရားကို သိကျွမ်းလိုသောဆာငတ်မှု။

(က) ဘုရားစကားတော်ကို သိရှိနားလည်လိုခြင်း။

(ခ) ဘုရားစကားတော်ကို အသက်တာ၌ကျင့်သုံးလိုခြင်း။

(ဂ) ဘုရားသခင့်ပညာတရားကို ရှာဖွေစူးစမ်းလိုခြင်း။

(ဃ) အလိုတော်အတိုင်းအသက်တာ၌ရှင်သန်လိုခြင်း။

### ၃။  အသက်တာရှိ လစ်ဟာနေမှုကိုဖြည့်ဆည်းရန်လိုအပ်နေခြင်း။

(က) ခရစ်တော်နှင့် မိတ်သဟာယရှိလိုခြင်း။

(ခ) ခရစ်တော်သာဖြည့်ဆည်းနိုင်သောအသက်တာကို ပြည့်ဝစုံလင်စေရန်။

(ဂ) အသက်တာ၏ ရည်ရွယ်ချက်နှင့်ပန်းတိုင်ကိုရှာဖွေမှုပြုရန်။

### ၄။ ဆက်ကပ်နာခံလိုသောဆန္ဒ (ယာ၊ ၄း၄ - လက်တော်၌အပ်နှံခြင်း)။

(က) အလိုတော်တိုင်းဆောင်ရွက်လိုခြင်း။

(ခ) စကားတော်ကိုနာခံလိုခြင်း။

(ဂ) ဦးဆောင်ရာသို့ လိုက်ပါလိုခြင်း။

**၅။ အခြားသူများကို အစေခံလိုစိတ်ရှိခြင်း (ဂလာ၊ ၅:၁၃ မေတ္တာဖြင့်အစေခံခြင်း)။**

(က) အခြားသူကိုဦးစားပေးမှုပြခြင်း (အကြီးမြတ်ဆုံးပညတ်)။

(ခ) ခရစ်တော်မှကျွန်ုပ်တို့ကိုချစ်သည့်နည်းတူ အခြားသူကိုချစ်ခြင်း။

(ဂ) မိမိအလိုကိုစွန့်၍ ကားတိုင်ထမ်းလျက်လိုက်ခြင်း။

**၆။ အခြားသူများအား သတင်းကောင်းကိုမျှဝေလိုခြင်း။**

(က) သက်သေခံဝေမျှရန်စိတ်ဆန္ဒရှိခြင်း။

(ခ) ပျောက်ဆုံးဝိညာဉ်များအတွက် နည်းလမ်းရှာခြင်း (ဧဝံဂေလိပြုခြင်း)။

(ဂ) သတင်းကောင်းကိုဝေငှခြင်း (ဟောပြောခြင်း)။

## ဃ။ အခြားသူ၏ဆာတော်မှုကို မည်သို့ဖြည့်ဆည်းကျွေးမွေးမှုပြပေးနိုင်မည်နည်း။

**၁။ ဝိညာဉ်အစာကို စားသောက်မှုပြုရန်အားပေးခြင်း (နှုတ်ကပတ်တော်ဖတ်ရှုခြင်း)။**

"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒ ပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏" (၂ တိ၊ ၃:၁၆-၁၇)။

(က) ခရစ်တော်၌ကြီးရင့်ရန်မှ ခရစ်တော်ကိုသိကျွမ်းခြင်းရှိဖို့လိုသည်။

(ခ) "သင်စားသည့်အတိုင်း သင်ဖြစ်သည်" ဟူသောအမေရိကဆိုရိုးစကားနှင့်ညီပေသည်။

**၂။ ပုံမှန်လေ့ကျင့်ခန်းများပြုရန်အားပေးပါ (ကိုးကွယ်မှု၌ပါဝင်ခြင်း)။**

"ထာဝရဘုရား၏ နာမတော်သည် ဘုန်းကြီး တော်မူသည်ဟု ဝန်ခံကြလော့။ ပူဇော်သက္ကာကို ဆောင်ခဲ့ လျက် ရှေ့တော်သို့ ချဉ်းကပ်ကြလော့။ သန့်ရှင်း သော တန်ဆာကိုဆင်၍ ထာဝရဘုရားကို ကိုးကွယ်ကြ လော့" (၁ ချုပ်၊ ၁၆:၂၉)။

(က) ကိုးကွယ်ခြင်းက ဘုရားကိုဗဟိုပြုစေသည်။

(ခ) ကိုးကွယ်မှုပြုခြင်းက ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ဆက်နွယ်ခိုင်မြဲစေသည်။

**၃။ "ဓါးသွားထက်ပျားရည်" (အပြစ်) ကိုတွန်းလှန်ရန်အားပေးမှုပါ (သန့်ရှင်းခြင်းပါရမီပြည့်စေပါ)။**

"ထိုကြောင့်၊ ဤမျှလောက် များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက်ရှိ ကြသည် ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကိုငှင်း၊ နှောင့်ရှက်တတ်သောဒုစရိုက်ကိုငှင်း ပယ်ရှား၍၊ ငါတို့ မျက်မှောက် ၌ ထားသောပန်းတုံးတိုင်သို့ရောက်ခြင်းငှါ၊ အားမလျော့ဘဲ ပြေးကြကုန်အံ့" (ဟေဗြဲ၊ ၁၂:၁)။

(က) အပြစ်တရားကိုဝန်ခံ၍ နောင်တရပါ။

(ခ) အပြစ်သွေးဆောင်ရာဖြစ်စေမည့်အရာများကို ရှောင်ကျဉ်မှုပြုပါ။

**၄။ အခြားသူများအားကျွေးမွေးမှုပြုရန်အားပေးမှုပြုပါ (သာသနာ့အစေခံခြင်း)။**

"ယေရှုကလည်း၊ ယောန၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလောဟု တတိယအကြိမ်မေးတော်မူလျှင်၊ သင်သည်ငါ့ကိုချစ်သလောဟု သုံးကြိမ်မြောက်အောင် မေးတော်မူသောကြောင့် ပေတရုသည်စိတ်နာသဖြင့်၊ သခင်၊ ကိုယ်တော်သည်ခပ်သိမ်းသောအရာတို့ကိုသိတော်မူ၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော် သိတော်မူ၏ဟု လျှောက်သော်၊ ယေရှုက၊ ငါ၏သိုးတို့ကို ကျွေးမွေးလော့" (ယော၊ ၂၁:၁၇)။

(က) လက်ခံမှုပြုနိုင်ရန် မျှဝေမှုဦးစွာပြုရမည်။

(ခ) တပည့်ထက် ဆရာကပိုမိုသိရှိနားလည်သည်။

(ဂ) နာမတော်ဖြင့်အခြားသူကိုအစေခံသည်နှင့်အမျှ ကျွန်ုပ်တို့ယုံကြည်ခြင်းကြီးထွားလာသည်။

(ဃ) ဘုရားကိုအသုံးမချပဲ ထိုအရှင်၏အသုံးပြုခြင်းကိုခံယူပါ။

**၅။ ဘုရားလမ်းစဉ်ဖြင့်ရှုမြင်မှုပြုနိုင်ရန် အားပေးမှုပြုပါ (ဘုရားကိုဦးထိပ်ထားရှာဖွေခြင်း)။**

"ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။ နောက်မှ ထိုအရာ များကို ထပ်၍ပေးတော်မူလတံ့" (မ၊ ၆:၃၃)။

(က) နှုတ်ကပတ်တော်ဖြင့်လောကကို ရှုမြင်တတ်ရန်ပြုစုပါ။

(ခ) အားလုံးအထက်တွင် ဘုရားကိုဦးစားပေးမှုပြုပါ။

(ဂ) နှုတ်ကပတ်တော်အား အရာရာ၏လမ်းညွှန်မှုအဖြစ်ခံယူကျင့်သုံးမှုပြုပါ။

**၆။ ဆုတောင်းခြင်းအသက်တာရှိရန် အားပေးမှုပြုပါ (မခြားမလပ်ဆုတောင်းပဌနာပြုခြင်း)။**

"မခြားမလပ်ဆုတောင်းမှုပြုပါ" (၁ သက်၊ ၅:၁၇)။

(က) ဆုတောင်းခြင်းက ခမည်းတော်ဘုရားနှင့် မိတ်သဟာယကိုတည်ဆောက်မှုပြုပေးသည်။

(ခ) ဘုရားသခင့်အဖြေစကားနှင့်အတူ ကျွန်ုပ်တို့ယုံကြည်ခြင်းကို ကြီးထွားစေသည်။

## င။ ဘုရားဆာငတ်သူများကိုအားပေးမှုပြုရန် နိယာမအချို့။

**၁။ ပုံသက်သေပြသခြင်း။**

(က) စီရင်မှုမပြုပါနဲ့ - ပုံသက်သေပြပါ။

(ခ) စကားထက် ရုပ်လုံး (မြင်ကွင်း) က အဖိုးများစွာထိုက်တန်လှပါသည်။

**၂။ အတူတကွဆောင်ရွက်ခြင်း။**

(က) အခြားသူများအတွက် သင်၌တာဝန်ရှိသည်ဟုခံယူကျင့်သုံးပါ။

(ခ) စုပေါင်းအင်အားရှိပါသည်။

"လူတယောက်သည် တယောက်ကိုနိုင်လျှင် ထိုလူကိုနှစ်ယောက် ဆီးတားနိုင်၏။ သုံးလွန်းတင်သော ကြိုးသည်လည်း အလွယ်တကူမပြတ်တတ်" (ဒေသနာ၊ ၄:၁၂)။

**၃။ အကောင်းမြင်စိတ်မွေးပါ။**

(က) ဝေဖန်မှုက စိတ်အားထက်သန်မှုကိုပျက်စီးစေသည်။

(ခ) အချင်းချင်းတည်ဆောက်မှုပြုပါ (၁ သက်၊ ၅:၁၁)။

**၄။ ဦးဆောင်ဦးရွက်ပြုပါ။**

(က) တစ်ပါးသူစတင်ရန်မစောင့်ပဲ ကိုယ်တိုင်ကမကထပြုဆောင်ရွက်ပါ။

(ခ) ထိုသို့ဖြင့်သူတို့ကို ဂရုစိုက်ကြောင်းပြသခြင်းဖြစ်သည်။

**၅။ ခပ်သိမ်းအတွက်ဘုရားဘုန်းတော်သာပေးအပ်မှုပြုပါ။**

(က) ခပ်သိမ်းအတွက်ဘုရားကို ကျေးဇူးတင်မှုပြုပါ (၁ သက်၊ ၅:၁၈)။

(ခ) ခပ်သိမ်းသည်ဘုရားအတွက်ဖြစ်ပြီး ကျွန်ုပ်တို့အတွက်မဟုတ်ရ။

# ဝိညာဉ်ရေးဆာငတ်မှုကို ပြည့်ဝစုံလင်စေခြင်း လေ့ကျင့်ခန်း

အခြားသူများဆာငတ်မှုဖြစ်စေရန် သင်ကူညီအားပေးမှုပြုနိုင်သောအရာများကို ရေးသားဖော်ပြပါ။

၁။

၂။

၃။

၄။

၅။

၆။

၇။

၈။

၉။

၁၀။